# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-12-3




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

## ( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | – | စာအုပ်အမှတ်စဉ် ( ၇၉ / ၂၀၂၃ ) |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၅၀၀ အုပ် |
| ပုံနှိပ် | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ )

## မာတိကာ


| | | |
|---|---|---|
| ၁။ | ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၃)တွင် ပြောကြားသည့် အမှာစကား | ၇ |
| ၂။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေး (၃/၂၀၂၃) ကျင်းပစဉ် ပြောကြားသည့် အမှာစကား | ၁၂ |
| ၃။ | မြန်မာရော်ဘာဖိုရမ် -၂၀၂၃ ဖွင့်ပွဲအခမ်းအနားတွင်ပြောကြားသည့် အမှာစကား | ၁၈ |
| ၄။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၃) သို့ တက်ရောက်စဉ် ပြောကြားသည့်အမှာစကား | ၂၂ |


**သဝဏ်လွှာများ**


| | | |
|---|---|---|
| ၁။ | (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ | ၆၈ |


■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၃)တွင် ပြောကြားသည့် အမှာစကား

( ၂ - ၁၁ - ၂၀၂၃ )




ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၃)ကို နိုဝင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**မိမိတို့အနေဖြင့် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုထား၍ ဆောင်ရွက်ပေးခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသ၌ MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့များက ကိုးကန့်ဒေသအတွင်း နယ်မြေလုံခြုံရေးစခန်းများနှင့် ဌာနဆိုင်ရာရုံးဌာနများကို တိုက်ခိုက်လာမှုများရှိကြောင်း၊ အလားတူ ကချင်ပြည်နယ်တွင်လည်း လမ်းပန်းဆက်သွယ်ရေး၊ နယ်မြေလုံခြုံရေးစခန်းများအား တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် KIA အဖွဲ့အား နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားမှုမရှိစေရေး သတိပေးခဲ့သော်လည်း ၎င်းတို့အနေဖြင့် အင်အားအလွန်အကျွံသုံး၍ လုံခြုံရေးစခန်းကို တိုက်ခိုက်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် လုံခြုံရေးအရ ပြန်လည်ဆောင်ရွက်ခဲ့ရကြောင်း။

မိမိအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့၌ မိန့်ခွန်းပြောကြားရာတွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို လေးစားလိုက်နာမည်ဆိုပါက ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရန် ပြောကြားပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဆွေးနွေးသည့်အချိန်တွင် အပြုသဘောဆောင်သည့်ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် တိုက်ခိုက်မှုများအတွက်

ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုထား၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် မိမိတို့အပေါ် တိုက်ခိုက်မှုများ ဆောင်ရွက်လာခြင်းကြောင့်မိမိတို့အနေဖြင့် တန်ပြန်ချေမှုန်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး ကြပ်မတ်ဆောင်ရွက်**

အစိုးရအဖွဲ့ဆိုသည်မှာ တိုင်းပြည်ကို တိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးရာထူးများသည် နိုင်ငံရေးရာထူးများဖြစ်ကြောင်း၊ အစိုးရအဖွဲ့မှချမှတ်ပေးသည့် မူဝါဒများ၏လုပ်ငန်းများကို အသေးစိတ်အကောင်အထည်ဖော်ရာတွင် အစိုးရဌာနမှ

> **မိမိအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့၌ မိန့်ခွန်းပြောကြားရာတွင် ဒို့တာဝန် အရေးသုံးပါးကို မထိခိုက်ဘဲ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို လေးစားလိုက်နာမည်ဆိုပါက ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရန် ပြောကြားပြီးဖြစ်၊ ငြိမ်းချမ်းရေး ရရှိရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိ၊ ဆွေးနွေးသည့် အချိန်တွင် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် တိုက်ခိုက်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေခြင်းဖြစ်၊ မိမိတို့အနေဖြင့် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုထား၍ ဆောင်ရွက်ပေးခဲ့။**

ဝန်ထမ်းအဆင့်ဆင့်က အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အစိုးရများအနေဖြင့် ပြောင်းလဲသော်လည်း အစိုးရဝန်ထမ်းများမှာ ပြောင်းလဲခြင်းမရှိကြောင်း၊ အစိုးရသက်တမ်းတစ်ခုတွင်ဆောင်ရွက်ခဲ့သည့် စီမံကိန်းနှင့် လုပ်ငန်းများအားလုံးကို မှတ်တမ်းတင်ထားပြီး ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများက အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

နောက်ထပ်တက်လာမည့် အစိုးရအဖွဲ့အနေဖြင့် ၎င်းတို့၏မူဝါဒများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ရှေ့အစိုးရအဆက်ဆက်မှ ဆောင်ရွက်ခဲ့သည့် စီမံကိန်းများနှင့် လုပ်ငန်းရပ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အစိုးရသက်တမ်းတစ်ခု၌ နိုင်ငံတကာနှင့်ပတ်သက်သည့် စာချုပ်များ၊ ကတိကဝတ်များ၊သဘောတူညီချက်များရှိမည်ဖြစ်ကြောင်း၊ ၎င်းကိုနောက်တက်လာမည့် အစိုးရကလည်း ၎င်းတို့၏ မူဝါဒနှင့်ကိုက်ညီလျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရကြောင်း၊ ဆောင်ရွက်မှု ရှိ/မရှိဆိုသည်ကို တည်ဆဲအစိုးရက တာဝန်ယူ၊ တာဝန်ခံရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် ပြီးခဲ့သည့် အစိုးရနှင့် အစိုးရအဆက်ဆက်မှ ဆောင်ရွက်ခဲ့သည့် စီမံကိန်းများကိုအခြေခံ၍ တတ်နိုင်သမျှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အကြောင်းကြောင်းကြောင့် ရပ်တန့်နေရသည့် စီမံကိန်းနှင့်လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်နေသည့် စီမံကိန်းများနှင့်လုပ်ငန်းရပ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ပြန်လည်စိစစ်၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အချို့စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေနှင့် မူဝါဒများနှင့် ညီညွတ်မှုမရှိဘဲ ဆောင်ရွက်နေခြင်းကြောင့် တာဝန်ရှိသူများကို အရေးယူဆောင်ရွက်ရခြင်းများရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

**မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်စေရန်အတွက် မရရအောင် လုပ်မည်ဆိုသည့် စိတ်မွေး၍ဆောင်ရွက်**

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးတွင် စပါး၊ ပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံများ၊ နှစ်ရှည်ပင်များဖြစ်ကြသည့် ကော်ဖီနှင့် ရော်ဘာစိုက်ပျိုးခြင်းများ၊ မွေးမြူရေးတွင် အဓိကစားသုံးကြသည့် ကြက်၊ ဝက်၊ အမဲ၊ ဆိတ်နှင့် ငါးများကို နိုင်ငံအတွင်းစိုက်ပျိုးမွေးမြူနိုင်ကြောင်း၊ ၂၀၁၉ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်တွင် နေထိုင်ကြပြီး တစ်နိုင်ငံလုံးလူဦးရေ၏ ၄၅ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးကို အဓိကမောင်းနှင်နေသူများဖြစ်ပြီး ၎င်းတို့၏ ကုန်ထုတ်လုပ်မှုများကို မြှင့်တင်ဆောင်ရွက်ပေးရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များဖြင့် စက်မှုထုတ်ကုန်များကိုထုတ်လုပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှသာ ကုန်ပစ္စည်းရောင်းဝယ်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ သို့မှသာ ဆက်စပ်နီးနွှယ်နေသော ဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေရေးကြေးရေး လုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်စေရေး နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်ခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထုတ်ပေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အဆိုပါလုပ်ငန်းများ တိုးတက်အောင်မြင်မှု ရှိ/မရှိ ပြန်လည်သုံးသပ်၍ ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိမှုရှိ/မရှိ၊ မွေးမြူရေးလုပ်ငန်းများတိုးတက်အောင်မြင်မှု ရှိ/မရှိ ချိန်ထိုးသုံးသပ် ဆောင်ရွက်ကြည့်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ”** “Keep Moving Forward To Achieve Our Goal” ဆိုသည့်အတိုင်း နိုင်ငံစီးပွားတိုးတက်ရေး

> မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ကြရန်လို၊ အဓိကအားဖြင့် စိုက်ပျိုးရေးတွင် စပါး၊ ပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံများ၊ နှစ်ရှည်ပင်များဖြစ်ကြသည့် ကော်ဖီနှင့် ရော်ဘာစိုက်ပျိုးခြင်းများ၊ မွေးမြူရေးတွင် အဓိကစားသုံးကြသည့် ကြက်၊ ဝက်၊ အမဲ၊ ဆိတ်နှင့် ငါးများကို နိုင်ငံအတွင်း စိုက်ပျိုးမွေးမြူနိုင်၊ ၂၀၁၉ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်း ကျော်သည် ကျေးလက်တွင် နေထိုင်ကြပြီး တစ်နိုင်ငံလုံးလူဦးရေ၏ ၄၅ ရာခိုင်နှုန်း ခန့်သည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်နေခြင်း ဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးကို အဓိကမောင်းနှင်နေသူများဖြစ်ပြီး ၎င်းတို့၏ ကုန်ထုတ်လုပ်မှုများကို မြှင့်တင်ဆောင်ရွက်ပေးရန်လို။

အတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်နေသည့်လုပ်ငန်းများ အောင်မြင်စေရန်အတွက် မရရအောင် လုပ်မည်ဆိုသည့်စိတ်မွေး၍ ဆောင်ရွက်သွားမည်ဆိုပါက မျှော်မှန်းသည်ထက် ပိုမိုတိုးတက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးတွင်းကာလတွင် တစ်နိုင်ငံလုံး လယ်စပါးစိုက်ပျိုးမှုအနေဖြင့် စိုက်ပျိုးဧက ၁၃ ဒသမ ၁၇ သန်း စိုက်ပျိုးခဲ့ပြီး ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၇၄ ဒသမ ၈၃ ရာခိုင်နှုန်းသာရှိခဲ့ကြောင်း၊ မိုးစပါးစိုက်ပျိုးမှု ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၁၀၀ ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး လယ်စိုက်ပျိုးမှု၊ တောင်ယာနှင့် အခြားမြေများ၌ စပါးစိုက်ပျိုးမှုများအပါအဝင် စုစုပေါင်းစပါးစိုက်ပျိုးမှုမှာ ၁၄ ဒသမ ၉ သန်းရှိပြီး ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၇၃ ဒသမ ၁၁ သန်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း (၄) မျိုးကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးအထွက်နှုန်းများ ကောင်းမွန်မည်ဖြစ်ကြောင်း၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးရန်လိုကြောင်း၊ မြေပြုပြင်ရာတွင်လည်း စနစ်တကျဖြင့်ဆောင်ရွက်ရန်လိုပြီး လိုအပ်သည့်မြေဩဇာများရရှိရေးအတွက်လည်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို စနစ်တကျအသုံးပြုရန်လိုကြောင်း။

မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် နှစ်များအတွင်း မိုးတွင်းကာလများ၌ စိုက်ပျိုးရေးကို ထိခိုက်စေနိုင်သည့် ရေပြတ်လပ်မှုများမရှိခဲ့ကြောင်း၊ မြေအနေဖြင့်လည်း ပြောစရာမရှိကြောင်း၊ သို့သော် စိုက်နည်းစနစ်များ မှန်ကန်စွာဖြင့် ကောက်ကွက်များပြည့်မီအောင် စိုက်ပျိုးရန်လိုကြောင်း၊ ကြဲပက်၍စိုက်ပျိုးမည့်အစား အနည်းဆုံး တိုက်ရိုက် အစေ့ချစနစ်ဖြင့် စိုက်ပျိုးရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမှုများ အောင်မြင်တိုးတက်အောင်ဆောင်ရွက်နိုင်မှသာ GDP များ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဒေသတွင်းနိုင်ငံများ၌ GDP နည်းပါးကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ယင်းကိုအခြေခံသည့် MSME များ အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

**လုပ်ငန်းများအောင်မြင်စေရေး စနစ်တကျဖြင့်ဆောင်ရွက်**

လုပ်ငန်းများဆောင်ရွက်ရာတွင် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့်အညီ ချင့်ချိန်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူလုပ်ငန်းများ ကြန့်ကြာမှုမရှိစေရေး တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် Check ၊ Recheck ၊ Counter Check ဖြင့် စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ နေ့စဉ်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို Check List များထား၍ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နှင့်နီးနွယ်နေသည့်လုပ်ငန်းရပ်များ အောင်မြင်စေရေး လူတိုင်းတွင်တာဝန်ရှိကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများရှိရန်လည်း လိုကြောင်း။

ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းများ ရေးဆွဲရာတွင် အမှန်တကယ်အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် စီမံကိန်းများကိုသာ ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ အကြောင်းကြောင်းကြောင့် အကောင်အထည်ဖော်နိုင်ခြင်းမရှိပါက နိုင်ငံတော်အတွက် နစ်နာမှုများစွာ ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့အပြင် ဝန်ကြီးဌာနများအတွင်း ရာထူးခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ လုပ်ငန်းများခွင့်ပြုပေးခြင်းများနှင့်ပတ်သက်၍ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းဥပဒေများကို ကျော်လွန်ဆောင်ရွက်ခြင်းမပြုရန်လိုကြောင်း။

လုပ်ငန်းများ အောင်မြင်တိုးတက်မှုရှိစေရေး အမှန်တကယ်အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်ရေး ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြီးခဲ့သည့်စီမံကိန်းများကို ပြန်လည်သုံးသပ်ကြည့်သည့်အခါတွင် မိမိတို့လူမျိုးများ အနေဖြင့် အမှန်တကယ် အလုပ်လုပ်ရန်လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ အစိုးရအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဥပမာအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေကိုအကျိုးရှိစွာအသုံးချနိုင်ရေး အတွက် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ သီးထပ်စွမ်းအားများ တိုးတက်လာမည်ဆိုပါက ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ပြီး ဝင်ငွေများပိုမိုတိုးတက်လာမည်

ဖြစ်ကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် ရေရရှိရေး နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ သက်ဆိုင်သည့် တာဝန်ရှိသူများအနေဖြင့်လည်း နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု မရှိခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် ထိုက်သင့်သည့် တိုးတက်မှုများ ရရှိရန်အတွက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အစိုးရကချမှတ်ထားသည့် မူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဘဏ္ဍာငွေရရှိရေးနှင့် ပတ်သက်၍ အခွန်ကောက်ခံရာတွင် အခွန်နှုန်းထားကို တိုးမြှင့်ကောက်ခြင်းမရှိဘဲ ရသင့်ရထိုက်သည့် အခွန်နယ်ပယ်ကိုချဲ့ထွင်၍ ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သည့်အတွက် အခွန်ရရှိမှုတိုးတက်လာသည်ကို တွေ့ရကြောင်း၊ အခွန်နှင့်ပတ်သက်ပြီး တာဝန်ရှိသည့် ဝန်ကြီးဌာနများအနေဖြင့်လည်း နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်အခများကို ပြည့်ပြည့်ဝဝရရှိအောင် ကောက်ခံပေးရန်လိုကြောင်း။

ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်အပေါ်မူတည်ပြီး ထုတ်လုပ်ရသည့်လုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်အပေါ်မထိခိုက်စေဘဲ ထုတ်လုပ်၍ရသည့် လုပ်ငန်းနှစ်မျိုးရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်အပေါ်မူတည်၍ ထုတ်လုပ်ရသည့် သယံဇာတပစ္စည်း ထုတ်လုပ်မှုများသည် သတိထားရပြီး နိုင်ငံတကာတွင်လည်း ကန့်သတ်ချက်များဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိဘဲ ထုတ်လုပ်ရနိုင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများအပေါ်အခြေခံပြီး ဆောင်ရွက်သည့် စက်ရုံများနှင့် ဝန်ကြီးဌာနပိုင်စက်ရုံ၊ အလုပ်ရုံများရှိကြောင်း၊ ယင်းစက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုများကို အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

မျိုးဆက်သစ်များကို အမွေပေးနိုင်ရန်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိစေရန်၊ ဗလငါးတန်ကောင်းမွန်ပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းလိုစိတ် ရှိလာစေရန် အဓိကရည်ရွယ်ပြီး အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ပြန်လည်ကျင်းပပေးခဲ့ပါကြောင်း၊ ယခုအောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို မိမိကိုယ်တိုင် အလေးထား တက်ရောက်အားပေးခဲ့ပါကြောင်း၊အမျိုးသားရေးအရ ဆောင်ရွက်ရမည့်ပွဲကြီးဖြစ်သဖြင့် လူအား၊ ငွေအား၊ အချိန်အား များစွာစိုက်ထုတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ အမျိုးသားရေးအရ ဆောင်ရွက်ရသည့်ပွဲကြီးကို အားလုံးဝိုင်းဝန်း အားပေးဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မှာကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၃) တွင် ပြောကြားသည့် အမှာစကား

( ၈ - ၁၁ - ၂၀၂၃ )



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး (၃/၂၀၂၃)ကို နိုဝင်ဘာလ ၈ ရက်နေ့ နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးမြင့်ဆွေတို့ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လတ်တလောဖြစ်ပွားလျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖြစ်စဉ်များနှင့် ဆက်စပ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြလိုကြောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် လောက်ကိုင်ဒေသ၊ ချင်းရွှေဟော်ကို အဓိကထား၍ MNDAA သောင်းကျန်းသူအဖွဲ့များက တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်သည် သာမန်အားဖြင့် MNDAA မှတိုက်ခိုက်ခြင်းဖြစ်သော်လည်း သမိုင်းအရဆက်စပ်မှုများရှိကြောင်း၊ ၂၀၀၉ ခုနှစ်တွင် လောက်ကိုင်ဒေသ၌ ဖုန်ကြားရှင်ဦးစီးသည့် အထူးဒေသ(၁)ရှိကြောင်း၊ အဆိုပါဒေသတွင် မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းချခြင်း၊ လက်နက်

ခဲယမ်းများ ထုတ်လုပ်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသဖြင့် တပ်မတော်အနေဖြင့် ဆောင်ရွက်ခြင်း မပြုရန် တားဆီးခဲ့ကြောင်း၊ သို့သော် လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် မိမိကိုယ်တိုင်ဦးစီး၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် မူးယစ်ဆေးဝါးထုတ်လုပ်သည့် စက်ရုံများ၊ လက်နက်ခဲယမ်းထုတ်လုပ်သည့် စက်ရုံများကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးမြောက်မြားစွာ ဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုသို့တပ်မတော်အနေဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖုန်ကြားရှင်နှင့်အဖွဲ့သည် အဆိုပါနေရာမှ ဆုတ်ခွာသွားကြောင်း၊ ၎င်းတို့နေရာတွင် ဦးပယ်ဆောက်ချိန် ဦးဆောင်သည့်အဖွဲ့ကို ယာယီအနေဖြင့် တာဝန်ပေးဆောင်ရွက်ခဲ့ပြီး ကိုးကန့်ဒေသပြန်လည်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း။

## ငြိမ်းချမ်းရေးအတွက် အရှည်မြော်တွေး၍ ဆောင်ရွက်ပေးခဲ့သော်လည်း လိုက်နာမှုမရှိ

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဆောင်ရွက်ပြီးချိန်တွင် ဦးပယ်ဆောက်ချိန်အား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့ကြောင်း၊ ဖုန်ကြားရှင်အဖွဲ့အနေဖြင့် ဆုတ်ခွာပြီးနောက်ပိုင်းတွင် အထူးဒေသ(၄)မိုင်းလား၌ သွားရောက်နေထိုင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ကျန်းမာရေးမကောင်းမှုကြောင့် ၎င်းကို စွဲဆိုထားသည့် အမှုများမှကင်းလွတ်ခွင့်ပေးရန် တောင်းဆိုခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးအတွက် အရှည်မြော်တွေး၍ ဆောင်ရွက်ပေးခဲ့သော်လည်း လိုက်နာမှုမရှိဘဲ အခွင့်အရေးရသည်နှင့် အစိုးရကိုဆန့်ကျင်ရန်၊ ကိုးကန့်နယ်မြေအတွင်း အာဏာပြန်လည်တည်ဆောက်ရန်သာ အမြဲဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များတွင်လည်း ဦးဆောင်သူအနေဖြင့် ဖုန်ကြားရှင်၏သား ဖုန်တာရှင်မှ ဦးဆောင်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

၎င်းအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုများကို ဆောင်ရွက်ပြီး အဆိုပါလုပ်ငန်းမှရရှိသည့် ဝင်ငွေဖြင့် အင်အားတောင့်တင်းရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် NLD အစိုးရမတက်မီအချိန်အထိ မိမိတို့အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင်း မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် ၂၀၁၇ ခုနှစ်နောက်ပိုင်းတွင် လောက်ကိုင်ဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများ များပြားလာသည့်အပြင် အခြားတရားမဝင်လုပ်ငန်းများလည်း ပါဝင်လာကြောင်း၊ အထူးသဖြင့် လောင်းကစားဝိုင်းကိစ္စများဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်မှုများတွင် တစ်ဖက်နိုင်ငံသားများက လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လာကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားချိန်နောက်ပိုင်းတွင် ၎င်းလောင်းကစားဝိုင်းများသည် အွန်လိုင်းလောင်းကစားမှုများအဖြစ် အသွင်ပြောင်း၍ ဆက်လက်ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း။

အဆိုပါအချိန်တွင် ဖုန်ကြားရှင်အဖွဲ့များက လောက်ကိုင်ဒေသအား အထူးဒေသ(၁)အဖြစ် ပြန်လည်အခြေချလည်ပတ်နိုင်ရေး တောင်းဆိုမှုများပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့၏သြဇာကို ပြန်လည်တည်ဆောက်လိုခြင်းဖြစ်ကြောင်း၊ လောက်ကိုင်ဒေသတွင် ဖုန်အုပ်စုနှင့် ရန်အုပ်စုဟူ၍ရှိကြောင်း၊ ၁၉၉၈-၁၉၉၉ ခုနှစ်ဝန်းကျင်ခန့်တွင် ဖုန်/ရန် အရေးအခင်းဖြစ်ပွားခဲ့ကြောင်း၊ ယင်းနောက်ပိုင်းဖြစ်ပွားခဲ့သည့် ဖုန်/ရန်အရေးအခင်းတွင် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ရန်မိုးလျံအုပ်စုကို ပြည်တွင်းဒေသအချို့တွင် နေရာချထားပေးခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်နောက်ပိုင်း ဦးပယ်ဆောက်ချိန်အုပ်စုအား တာဝန်ပေးအပ်ခဲ့ခြင်းအပေါ် ၎င်းတို့အနေဖြင့် ကျေနပ်မှုမရှိခဲ့ကြောင်း၊ ထို့ကြောင့် တိုက်ခိုက်မှုများလုပ်ဆောင်ရန်အတွက် ၎င်းတို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း။

အဓိကအားဖြင့် မူဆယ်နှင့်ချင်းရွှေဟော်ဒေသသည် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကထားဆောင်ရွက်သည့် နေရာဒေသဖြစ်ကြောင်း၊ လောက်ကိုင်မြို့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့ဖြစ်ကြောင်း၊ MNDAA အဖွဲ့အနေဖြင့် ၎င်းတို့၏ သြဇာအာဏာကို ပြန်လည်တည်ဆောက်ရန်အတွက် ယခုကဲ့သို့တိုက်ခိုက်မှုများကို လုပ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် တိုက်ခိုက်မှုများလုပ်ဆောင်ရန်အတွက် ၂၀၂၂ ခုနှစ်မှစတင်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်ကို သိရှိရကြောင်း၊ MNDAA အဖွဲ့အနေဖြင့် တိုက်ခိုက်မှုများလုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နိုင်ရေး

၎င်းတို့၏ မဟာမိတ်ပြုထားသောအဖွဲ့များနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြောင်း၊ **ထိုကဲ့သို့တိုက်ခိုက်မှုလုပ်ဆောင်ရန်ပြင်ဆင်နေခြင်းကို MNDAA အဖွဲ့၏မဟာမိတ်များနှင့် ယင်းတို့၏မိတ်ဆွေများ အားလုံးသိရှိကြ**ကြောင်း၊ မိမိအနေဖြင့် NCA လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဖိတ်ခေါ်ထားပြီး တပ်မတော်အနေဖြင့် NCA လမ်းကြောင်းအတိုင်းသာ လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံတော်တာဝန်များ ထမ်းဆောင်ချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ဆူပူမှုများကို ဖြေရှင်းဆောင်ရွက်နေရခြင်းကြောင့် လောက်ကိုင်ဒေသကို အာရုံစိုက်မှုနည်းပါးခဲ့**ကြောင်း၊ MNDAA သောင်းကျန်းသူများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုမှရရှိသည့် အကျိုးအမြတ်များကိုခံစားလိုပြီး ၎င်းတို့၏အာဏာကို တည်ဆောက်လိုခြင်းကြောင့် ယခုဖြစ်စဉ်များဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း၊ လောက်ကိုင်ဒေသနှင့်ပတ်ဝန်းကျင်မှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၀၆ ခုနှစ်မှစ၍ ကြီးမားသည့် မူးယစ်ဆေးဝါးဖြစ်စဉ် ၁၈ ခုရှိပြီး ဖမ်းဆီးရမိမှုအနေဖြင့် ၈၂ ကြိမ်၊ တရားခံပေါင်း ၁၄၀ ဦး၊ ကာလတန်ဖိုးငွေ ၇၁ ဒသမ ၅၉ ဘီလီယံဖိုး ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါ မူးယစ်ဆေးဝါးမှရရှိသည့် အကျိုးအမြတ်များကို သိရှိခြင်းကြောင့် MNDAA အဖွဲ့အနေဖြင့် လောက်ကိုင်ဒေသကို ပြန်လည်ရရှိအောင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

**တစ်ဖက်နိုင်ငံသားများ ပိုင်ဆိုင်သည့် ဟိုတယ်လုပ်ငန်းများဖြစ်**

၂၀၂၂ ခုနှစ်အတွင်း ၎င်းဒေသ၌ အွန်လိုင်းငွေကြေးလိမ်လည်မှုများ များပြားလာခဲ့ကြောင်း၊ အဆိုပါအွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်နေသူများမှာ တစ်ဖက်နိုင်ငံသားများ ပိုင်ဆိုင်သည့် ဟိုတယ်လုပ်ငန်းများဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ လောက်ကိုင်နှင့်ချင်းရွှေဟော်ဒေသတွင် ဟိုတယ် ၁၅၃ ခုရှိကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ထားသော ဟိုတယ် ၁၂ လုံးသာရှိပြီး ကျန်ဟိုတယ် ၁၄၁ ခုမှာ လောက်ကိုင်ဒေသအုပ်ချုပ်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် လုပ်ပိုင်ခွင့်မရှိဘဲ ဆောက်ရွက်ထားခြင်းဖြစ်ကြောင်း၊ ၎င်းဟိုတယ်အများစုမှာ တစ်ဖက်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံ ဆောက်လုပ်ထားသည့် ဟိုတယ်များဖြစ်သည်ကိုတွေ့ရကြောင်း၊ အများစုမှာ ၂၀၁၈ ခုနှစ်နောက်ပိုင်း၌ တည်ဆောက်ခဲ့ပြီး အဆင့်မြင့်

> မိမိအနေဖြင့် NCA လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဖိတ်ခေါ်ထားပြီး တပ်မတော်အနေဖြင့် NCA လမ်းကြောင်းအတိုင်းသာ လျှောက်လှမ်းနေခြင်းဖြစ်၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များ ထမ်းဆောင်ချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ဆူပူမှုများကို ဖြေရှင်းဆောင်ရွက်နေရခြင်းကြောင့် လောက်ကိုင်ဒေသကို အာရုံစိုက်မှုနည်းပါးခဲ့၊ MNDAA သောင်းကျန်းသူများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုမှရရှိသည့် အကျိုးအမြတ်များကို ခံစားလိုပြီး ၎င်းတို့၏ အာဏာကို တည်ဆောက်လိုခြင်းကြောင့် ယခုဖြစ်စဉ်များဖြစ်ပွားသည်ကို တွေ့ရှိရ၊ လောက်ကိုင်ဒေသနှင့်ပတ်ဝန်းကျင်မှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၀၆ ခုနှစ်မှစ၍ ကြီးမားသည့် မူးယစ်ဆေးဝါးဖြစ်စဉ် ၁၈ ခုရှိပြီး ဖမ်းဆီးရမိမှုအနေဖြင့် ၈၂ ကြိမ်၊ တရားခံပေါင်း ၁၄၀ ဦး၊ ကာလတန်ဖိုးငွေ ၇၁ ဒသမ ၅၉ ဘီလီယံဖိုး ဖမ်းဆီးရမိခဲ့၊ အဆိုပါ မူးယစ်ဆေးဝါးမှ ရရှိသည့် အကျိုးအမြတ်များကို သိရှိခြင်းကြောင့် MNDAA အဖွဲ့အနေဖြင့် လောက်ကိုင်ဒေသကို ပြန်လည်ရရှိအောင် လုပ်ဆောင်နေခြင်းဖြစ်။

၁၂ ထပ် ၁၃ ထပ်အဆောက်အဦများကိုပင် တစ်နှစ်အတွင်း အပြီးတည်ဆောက်ခဲ့သည်ကိုတွေ့ရကြောင်း၊ အဆိုပါ ဟိုတယ်များ၌ အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အခြားတရားမဝင်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိရကြောင်း၊ အဆိုပါ ဟိုတယ်များအား စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်သည့်အချိန်တွင် တရုတ်နိုင်ငံသား ၇၃၉၅ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၈၉ ဦး၊ ထိုင်းနိုင်ငံသား ၁၆၂ ဦး၊ မလေးရှားနိုင်ငံသား ၃၂ ဦးနှင့် လာအိုနိုင်ငံသား ၂ ဦးစုစုပေါင်း ၇၇၈၀ ဦး ဖမ်းဆီးရမိခဲ့ပြီး အဆိုပါဖမ်းဆီးရမိသူများထဲမှ တရုတ်နိုင်ငံသား ၆၈၉၂ ဦးအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ ကျန်ရှိသူများကို စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဒေသအတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်ခြင်းများမရှိစေရေး တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးနှင့် ဆွေးနွေးသဘောတူချက်အတိုင်း နှစ်နိုင်ငံ Task Force ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

MNDAA အနေဖြင့် “ဝ” နယ်မြေအတွင်း၌ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့ပြီး အဓိကအင်အားများကို အောက်တိုဘာ ၂၇ ရက်နေ့တွင် နမ့်တစ်တံတားမှ ချင်းရွှေဟော်သို့ဖြတ်ဝင်၍ တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါမနက်ပိုင်းတွင် နမ့်တစ်ချောင်းအားဖြတ်ကူး၍ ချင်းရွှေဟော်အား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ လောက်ကိုင်ဒေသနှင့် ချင်းရွှေဟော်ဒေသရှိ လုံခြုံရေးစခန်းများမှာ စစ်ဆင်ရေးစခန်းများ မဟုတ်ဘဲ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် စခန်းများသာဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် Drone များအသုံးပြု၍ Drop Bomb များ အများအပြား အသုံးပြုတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်တွင် MNDAA နှင့်အတူ KIA ၊ TNLA ၊ AA နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ပါဝင်ခဲ့သည်ကိုတွေ့ရကြောင်း၊ အဓိကအနေဖြင့် MNDAA နှင့် TNLA အဖွဲ့မှဖြစ်ကြောင်း။

၎င်းတို့အနေဖြင့် တစ်ဖက်မှ ချင်းရွှေဟော်အား တိုက်ခိုက်ပြီး တစ်ပြိုင်တည်းတွင် ကွမ်းလုံကိုစိမ့်ဝင်လာသည့် အဖွဲ့များဖြင့် ထိုးဖောက်တိုက်ခိုက်ခဲ့ကြောင်း၊ TNLA ကလည်း သိန္နီကို ဆက်သွယ်ရေးလမ်းကြောင်း ဖြတ်တောက်နိုင်အောင်တိုက်ခိုက်ခဲ့ကြောင်း၊ လားရှိုးမြို့ကိုလည်း နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း၊ နောင်ချိုအနီး မန္တလေး–လားရှိုး ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်အောင် ပိတ်ဆို့တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ MNDAA မှတိုက်ခိုက်လျက်ရှိချိန်တွင် KIA အနေဖြင့် ကချင်ပြည်နယ်အတွင်း ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ စခန်းငယ်တစ်ခုကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တုံ့ပြန်မှုများဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့် ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း၊ MNDAA အဖွဲ့အနေဖြင့်လည်း ထိခိုက်ကျဆုံးမှု

> **ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ဖြစ်စဉ်များဖြစ်ပွားနေချိန်အတွင်း ပွဲလန့်တုန်းဖျာခင်းသည့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့နေရာများတွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်မှုများ လုပ်ဆောင်လာ၊ ထိုသို့လုပ်ဆောင်ရာတွင် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများနှင့်အတူ KIA နှင့် AA အဖွဲ့တို့လည်း ပါဝင်သည်ကို တွေ့ရ၊ တွေ့ရှိရသည့်အခြေအနေများကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေး ကောင်စီသို့ အသိပေးတင်ပြခြင်းဖြစ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင် ဒေသဖြစ်စဉ်များတွင် MNDAA အဖွဲ့ အနေဖြင့် Drone များကို အဓိကထား အသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်၊ Drone များမှာ တရုတ်နိုင်ငံထုတ် ကုန်ထုတ်လုပ်ငန်းသုံး Drone များဖြစ်ပြီး ဈေးကွက်တွင် လွယ်ကူစွာဝယ်ယူ၍ ရနေခြင်းဖြစ်။**

များစွာ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သော ပြန်လည်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဖြေရှင်းဆောင်ရွက်လျက်ရှိ**

မူဆယ်နှင့် ချင်းရွှေဟော်ဒေသသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်ကုန်သွယ်ရေးတွင် အဓိကကျသည့် လမ်းကြောင်းဖြစ်သည်ကို MNDAA အနေဖြင့် သိရှိပြီးဖြစ်ကြောင်း၊ လာမည့်နိုဝင်ဘာ ၁၁ ရက်နေ့တွင် တရုတ်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်ခဲ့သော ကွမ်းလုံတံတားသစ် ဖွင့်လှစ်ရန်အတွက် စီစဉ်ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြေအနေနှင့် အချိန်အခါ၌ MNDAA က ၎င်းဒေသကိုတိုက်ခိုက်လာသည်မှာ များစွာသတိပြုသင့်သော အချက်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးကိုထိခိုက်စေနိုင်ကြောင်း၊ ဖြစ်စဉ်တွင် မိမိတို့နိုင်ငံမှကျည်ဆန်များ တရုတ်နိုင်ငံအတွင်း ကျရောက်သည်ဟုပြောဆိုမှုများကြောင့် နှစ်ဖက်တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နယ်စပ်ဒေသဖြစ်သဖြင့် စစ်ဆင်ရေးဆောင်ရွက်ရာတွင် အထူးပင်ကန့်သတ်ထိန်းသိမ်း ဆောင်ရွက်ခဲ့ရကြောင်း၊ သို့သော်တစ်ဖက်အဖွဲ့အစည်းများအနေဖြင့် လက်လွတ်စပယ် လုပ်ဆောင်ခဲ့မှုနှင့် နှစ်နိုင်ငံအထင်အမြင်လွဲအောင် လုပ်ဆောင်နေမှုများရှိကြောင်း၊ သာမန်အရပ်သူ၊ အရပ်သားများထိခိုက်အောင် လုပ်ဆောင်နေမှုများရှိကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ဖြစ်စဉ်များဖြစ်ပွားနေချိန်အတွင်း ပွဲလန့်တုန်းဖျာခင်းသည့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့နေရာများတွင် PDFအမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်မှုများ လုပ်ဆောင်လာကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူများနှင့်အတူ KIA နှင့် AA အဖွဲ့တို့လည်း ပါဝင်သည်ကိုတွေ့ရကြောင်း၊ တွေ့ရှိရသည့်အခြေအနေများကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသို့ အသိပေးတင်ပြခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသဖြစ်စဉ်များတွင် MNDAA အဖွဲ့အနေဖြင့် Drone များကို အဓိကထားအသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ Drone များမှာ တရုတ်နိုင်ငံထုတ်ကုန်ထုတ်လုပ်ငန်းသုံး Drone များဖြစ်ပြီး ဈေးကွက်တွင် လွယ်ကူစွာဝယ်ယူ၍ရနေကြောင်း၊ ဒေသခံများအနေဖြင့် ယခုဖြစ်စဉ်များ၌ ပါဝင်လိုသည့်စိတ်မရှိသည်ကိုတွေ့ရကြောင်း၊ သို့သော်အတင်းအဓမ္မအင်အားစုဆောင်းခြင်းများကြောင့် ပါဝင်ခဲ့ရသူများရှိကြောင်း၊ ပြည်သူ့စစ်အများစုအနေဖြင့် တပ်မတော်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေကြောင်း၊ ယခုဖြစ်စဉ်များဖြစ်ပွားချိန်တွင် နယ်မြေခံပြည်သူလူထုအနေဖြင့် MNDAA အဖွဲ့သတင်းအား တပ်မတော်ထံပေးပို့မှုများရှိပြီး ထိထိရောက်ရောက် ပြန်လည်တုံ့ပြန်မှုများကို ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ MNDAA အဖွဲ့အနေဖြင့် လောက်ကိုင်ဒေသတွင် အာဏာပြန်လည်တည်ဆောက်နိုင်ရေး၊ TNLA အဖွဲ့အနေဖြင့် ပလောင်ပြည်နယ်ရရှိရေး၊ ကိုးကန့်အနေဖြင့် ကိုးကန့်ပြည်နယ်ရရှိရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် လွန်ခဲ့သည့်ရက်များမှစ၍ တပ်မတော်၏ လိုအပ်ချက်များကို ပါဝင်ကူညီပေးမှုများရှိကြောင်း၊ ရန်ကုန်၊ မန္တလေး၊ တိုင်းစစ်ဌာနချုပ်များနှင့် ပြည်နယ်အစိုးရများရှိသည့်မြို့နယ်များတွင် ပြည်သူများမှ အလှူငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် ရှေ့တန်းရောက်တပ်မတော်သားများအတွက် ပစ္စည်းများ လှူဒါန်းခြင်းများကို ဆောင်ရွက်ပေးကြကြောင်း၊ အဆိုပါလှူဒါန်းထားသည့်ပစ္စည်းများအား ရှေ့တန်းရောက် တပ်မတော်သားများထံ ရောက်ရှိရေးပို့ဆောင်ပေးလျက်ရှိကြောင်း၊ ပြင်ပမှပရဟိတအဖွဲ့များမှလည်း ချက်ပြုတ်၍ ရှေ့တန်းရောက် တပ်မတော်သားများထံပေးပို့နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ မထိခိုက်စေရေးအတွက် ပြည်သူလူထုနှင့်ပူးပေါင်း၍ လိုအပ်သည့်လက်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

**ပြန်လည်ရှင်းလင်းဆွေးနွေး**

တင်ပြမှုများနှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် အဓိကကျသည့် အချက် ၂ ချက်ကို ဦးစွာထောက်ပြလိုကြောင်း၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေးဖြစ်ကြောင်း၊ ယနေ့ရှမ်းပြည်နယ်(မြောက်ပိုင်း)

တွင် ဖြစ်ပွားနေသည့် ပြဿနာ၏အစမှာ မူးယစ်ဆေးဝါး ပြဿနာပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးမှ ရရှိသောငွေ များဖြင့် အာဏာရရှိရေးကို လက်နက်ကိုင်လမ်းစဉ်ဖြင့် အသက်ဆက်ခဲ့ကြောင်း၊ ၎င်းလမ်းစဉ်ဖြင့် မူးယစ်ဆေး ထုတ်လုပ်၊ သယ်ဆောင်ရောင်းချမှုကိုကာကွယ်ခဲ့ကြောင်း၊ လောင်းကစားကဲ့သို့ တရားမဝင်လုပ်ငန်းများကိုလည်း လုပ်ဆောင်ခဲ့ကြောင်း၊ ထို့ကြောင့် ပြဿနာ၏ အရင်း အမြစ်ဖြစ်သည့် မူးယစ်ဆေးဝါးအမြစ်ပြတ်နှိမ်နင်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တည်ငြိမ်ရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းရည်မြင့်မား ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်း သာယာရေး၊ တရားဥပဒေစိုးမိုးရေးရဲတပ်ဖွဲ့နှင့် လက်နက် ကိုင်ရဲတပ်ဖွဲ့ဟူ၍ နှစ်မျိုးရှိကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသော် လည်း မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအရ ပြည်တွင်း သောင်းကျန်းမှုများကိုနှိမ်နင်းခဲ့ရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ယခုထက်စွမ်းရည်တိုးတက်မြင့်မား ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ချင်းရွှေဟော် ဒေသမှ တိမ်းရှောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ များအား ပြန်လည်ခေါ်ဆောင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း၊ မိမိတို့အနေဖြင့် တရုတ်–မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကာကွယ်ရေးအတွက် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်းဖြင့် ဖြည့်စွက်ပြောကြားသည်။

■ ■ ■

# မြန်မာရော်ဘာဖိုရမ် -၂၀၂၃ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

## ( ၉ - ၁၁ - ၂၀၂၃ )





မြန်မာရော်ဘာဖိုရမ်-၂၀၂၃ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီး များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲ များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ အမျိုးသား ပို့ကုန်မဟာဗျူဟာ ရော်ဘာလုပ်ငန်းကဏ္ဍ ပို့ကုန်မဟာ ဗျူဟာ အကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ ပြည်တွင်း Development Partner များ၊ ပညာရှင်များ၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာ့သဘာဝရော်ဘာ ရေရှည်တည်တံ့မှုဖော်ဆောင် ရေးအသင်း၊ ရော်ဘာအဝယ်ဒိုင်များ၊ ပြုပြင်ထုတ်လုပ် သည့်စက်ရုံများ၊ ရော်ဘာအခြေခံ ထုတ်ကုန်ပစ္စည်း ထုတ်လုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန မှကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

**ရည်ရွယ်ချက်(၃)ရပ်ဖြင့် ကျင်းပ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် "မြန်မာရော်ဘာဖိုရမ် - ၂၀၂၃" ကို ရော်ဘာထုတ်လုပ်မှုနှင့် အရည်အသွေး တိုးတက်မြင့် မားရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ရော်ဘာအခြေခံ တန်ဖိုး မြင့်ထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေရေးနှင့် ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် လိုအပ်သော အဖွဲ့အစည်းများ၊ မူဝါဒ၊ ဥပဒေ နှင့် လုပ်ထုံးလုပ်နည်းများ ထွက်ပေါ်လာစေရေးဆိုသည့် ရည်ရွယ်ချက်(၃)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဆောင်ပုဒ်မှာ **"ရော်ဘာကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ ထုတ်လုပ်မှု နှင့် တန်ဖိုးမြှင့်ထုတ်ကုန် မြှင့်တင်ပေး"**ဟု သတ်မှတ်ထား ပါကြောင်း။

မိမိတို့နိုင်ငံတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ များ စသည့် သီးနှံအမျိုးပေါင်း ၆၁ မျိုး၊ စုစုပေါင်း သီးနှံ စိုက်ဧရိယာဧက ၄၉ ဒသမ ၃၉ သန်း စိုက်ပျိုးထုတ်လုပ်

လျက်ရှိပါကြောင်း၊ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာကို တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် ဧက ၁ ဒသမ ၆၄ သန်း စိုက်ပျိုးထားရှိပြီး အစေးခြစ်ဧက တစ်သန်းနီးပါးမှ ရော်ဘာတန်ချိန် သုံးသိန်းကျော် ထွက်ရှိပါကြောင်း၊ နှစ်စဉ်ထွက်ရှိသည့် ရော်ဘာထဲမှ ပြည်တွင်းသုံးစွဲမှုအနေဖြင့် တန်ချိန်နှစ်သောင်းကျော်ခန့်ရှိပြီး ပြည်ပကို တန်ချိန်သုံးသိန်းခန့် တင်ပို့လျက်ရှိပါကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ရော်ဘာတန်ချိန် လေးသိန်းခန့် တင်ပို့နိုင်ရေး လျာထားကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း။

ရော်ဘာတင်ပို့မှုမှ နိုင်ငံခြားငွေရရှိမှုအနေဖြင့် ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ သန်း ၂၅၀ မှ ၄၅၀ ကြားတွင် ရရှိခဲ့သည့်အတွက် ရော်ဘာသီးနှံသည် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် အရေးပါသည့် စက်မှုသီးနှံတစ်ခုဖြစ်သည်ဟု ပြောကြားလိုပါကြောင်း၊ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန် မဟာဗျူဟာရည်မှန်းချက်၏ ဦးစားပေးပို့ကုန် အမယ်များတွင် ရော်ဘာလုပ်ငန်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရော်ဘာစတင်စိုက်ပျိုးထုတ်လုပ်သည်မှစ၍ မှိုင်းခံရော်ဘာပြားများ ထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံ စက်မှုလုပ်ငန်းများမှ ကုန်ချောများ ထုတ်လုပ်ခြင်း စသည့် လုပ်ငန်းစဉ်တစ်လျှောက်လုံး စနစ်တကျဖြင့် ဖွံ့ဖြိုးတိုးတက်မှုများရှိရန် လိုအပ်ပါကြောင်း။

**အားပေးကူညီ**

မြန်မာနိုင်ငံအနေဖြင့် ရှည်လျားသည့် ရော်ဘာစိုက်ပျိုးမှု သမိုင်းကြောင်း ရှိခဲ့သော်လည်း လက်ရှိအခြေအနေတွင် ရော်ဘာအထွက်နှုန်းနှင့် အရည်အသွေးသည် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အောင်မြင်တိုးတက်မှုအပိုင်းတွင် အားနည်းနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ အခြားသောနိုင်ငံများနည်းတူ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် ရော်ဘာအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို မဟာဗျူဟာအစီအစဉ်များ ရေးဆွဲပြီး ကာလတို၊ ကာလရှည် စီမံကိန်းများနှင့် အကောင်အထည် ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ MSME နှင့် အကျိုးဝင်သည့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး အားပေးကူညီရမည်ဖြစ်ကြောင်း၊ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရော်ဘာစိုက်ပျိုးရေးသည် အဓိကကျကြောင်း၊ ရော်ဘာစတင်စိုက်ပျိုးသည်မှ အစေးထွက်ရှိသည့်အချိန်အထိ အချိန်ကာလအားဖြင့် ခုနစ်နှစ်ခန့် အချိန်ယူရကြောင်း၊ ကြိုတင်ပြင်ဆင်မှုကောင်းမှသာ ရော်ဘာကဏ္ဍ တိုးတက်စေမည်ဖြစ်ကြောင်း၊ မြန်မာစကားပုံကဲ့သို့ **"အစကောင်းမှ အနှောင်းသေချာ"** မည်ဖြစ်ကြောင်းကိုလည်း သတိပြုစေလိုကြောင်း။

**ရော်ဘာတစ်ဧက အထွက်နှုန်း တိုးတက်ရုံတင်မက အရည်အသွေး ကောင်းမွန်စေရေးအတွက်လည်း ရော်ဘာအစေးခဲ လုပ်ငန်းစဉ်၌ မှန်ကန်သည့် နည်းစနစ်ကျင့်သုံးရေး၊ မှန်ကန်သည့် ဓာတုပစ္စည်းများ သုံးစွဲရေး ပညာပေးခြင်း၊ အရည်အသွေး အာမခံချက်ရှိသည့် ရော်ဘာများ ထုတ်လုပ်နိုင်ရေး ရော်ဘာတောင်သူ အစုအဖွဲ့များ စုဖွဲ့လုပ်ဆောင်ခြင်းစသည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန်လိုအပ်၊ မြန်မာ့ရော်ဘာ၏ အရည်အသွေးနှင့် အဆင့်အတန်း အာမခံချက်ရှိမှသာလျှင် ဈေးကွက်ရရှိနိုင်မည်ဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းနှင့် ရော်ဘာစိုက် တောင်သူများအားလုံး ပူးပေါင်း အကောင်အထည် ဖော်ဆောင်ရွက်ရန်လို။**

မြန်မာနိုင်ငံ၏ လက်ရှိရော်ဘာထွက်နှုန်းသည် တစ်ဧကပျမ်းမျှ ပေါင် ၇၀၀ ခန့်သာ ထွက်သည်ဟု သိရှိရပါကြောင်း၊ အထွက်နှုန်းလျော့နည်းခြင်းသည် ယခင်စိုက်ပျိုးထားသည့် အထွက်နှုန်း နည်းသည့် မျိုးဟောင်းများကြောင့် ဖြစ်သည့်အတွက် ပင်အိုပင်ဟောင်းများကို အစားထိုးစိုက်ပျိုးရန် လိုအပ်သည်ကို တွေ့ရပါကြောင်း၊ ဒေသအလိုက် ထောက်ခံထားသည့် မျိုးများအနက် တစ်ဧကလျှင် ပေါင် ၁၃၅၀ ခန့် ထွက်ရှိနိုင်သည့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးပြီးစီးမှုသည် စိုက်ဧကအားလုံး၏ ၂၆ ဒသမ ၈၃ ရာခိုင်နှုန်းခန့်သာ ရှိသေးသည့်အတွက် နောင်စိုက်ခင်းသစ်များ ဆက်လက်ထူထောင်ရာတွင် အထွက်ကောင်းမျိုးများ စိုက်ပျိုးနိုင်ရေးနှင့် ဖူးဆက်ပျိုးပင်များ သုံးစွဲစိုက်ပျိုးရေးကိုအလေးပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စီးပွားရေးအရ တွက်ခြေကိုက်မှုအပေါ် ချိန်ဆပြီး ရော်ဘာမျိုးကောင်းများ ပြောင်းလဲစိုက်ပျိုးရေး၊ တိုးချဲ့စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်ရန်သင့်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးရေးအတွက် သင့်တော်သည့် ရာသီဥတုနှင့် မြေနေရာများစွာရှိသည့်အတွက် ရော်ဘာ တိုးချဲ့စိုက်ပျိုးရေးကိုလည်း အားပေးကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း မိမိတို့ ရေမြေသဘာဝနှင့် ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသည့် ရော်ဘာအထွက်ကောင်းမျိုးများ မွေးမြူထုတ်လုပ်နိုင်ရန် လိုအပ်သည့်သုတေသနများကို နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနက စဉ်ဆက်မပြတ် သုတေသနပြု ဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**မှန်ကန်သည့်နည်းစနစ်ကျင့်သုံး**

ရော်ဘာတစ်ဧက အထွက်နှုန်း တိုးတက်ရုံတင်မက အရည်အသွေး ကောင်းမွန်စေရေးအတွက်လည်း ရော်ဘာအစေးခဲ လုပ်ငန်းစဉ်၌ မှန်ကန်သည့် နည်းစနစ်ကျင့်သုံးရေး၊ မှန်ကန်သည့် ဓာတုပစ္စည်းများသုံးစွဲရေး ပညာပေးခြင်း၊ အရည်အသွေး အာမခံချက်ရှိသည့် ရော်ဘာများ ထုတ်လုပ်နိုင်ရေး ရော်ဘာတောင်သူ အစုအဖွဲ့များ စုဖွဲ့လုပ်ဆောင်ခြင်းစသည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မြန်မာ့ရော်ဘာ၏ အရည်အသွေးနှင့် အဆင့်အတန်း အာမခံချက်ရှိမှသာ လျှင် ဈေးကွက်ရရှိနိုင်မည်ဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ရော်ဘာစိုက်တောင်သူများအားလုံး ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**အပိုင်းသုံးပိုင်းခွဲခြားဆောင်ရွက်**

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရေး ဆောင်ရွက်ရာတွင် ပြည်တွင်းသုံးစွဲမှုဖူလုံအောင် ဆောင်ရွက်ရေး၊ ပိုလျှံသည့်ရော်ဘာများကို ပြည်ပသို့ တိုးမြှင့်တင်ပို့ရေးနှင့် သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရေးအတွက် ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဟူ၍ အပိုင်းသုံးပိုင်းခွဲခြား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရော်ဘာအခြေခံ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်ရန် အခြေခံကောင်းများရှိသော်လည်း ထုတ်လုပ်မှုကဏ္ဍကို အားပေးမှုမရှိခဲ့ခြင်း၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိခြင်း စသည်တို့ကြောင့် ပြည်ပမှ ရော်ဘာအခြေခံ ထုတ်ကုန်ပစ္စည်းများ တင်သွင်းနေရခြင်းရှိနေပါကြောင်း၊ ဥပမာအားဖြင့် စက်ဘီးနှင့် မော်တော်ဆိုင်ကယ် တာယာများ၊ ကျွတ်များကို နှစ်စဉ် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၆၅ သန်းဖိုးခန့် တင်သွင်းနေရပါကြောင်း၊ ပြည်တွင်း၌ ရော်ဘာအခြေခံ စက်မှုလုပ်ငန်းများ တိုးတက်အောင် ပံ့ပိုးဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရော်ဘာ ဈေးကွက်ရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည့်အတွက် စက်ဘီးနှင့်မော်တော်ဆိုင်ကယ်တာယာများ၊ ကျွတ်များကို ပြည်တွင်း၌ မဖြစ်မနေ ထုတ်လုပ်ရန် အလေးအနက်ထား တိုက်တွန်းရခြင်းဖြစ်ပါကြောင်း။

ယခုကျင်းပသည့် ရော်ဘာဖိုရမ်သည် ၂၀၁၈ ခုနှစ်က ကျင်းပခဲ့သည့် ရော်ဘာဖိုရမ်မှ ရရှိခဲ့သည့် ဆွေးနွေးမှုရလဒ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် တိုးတက်မှုအခြေအနေများကို ဆွေးနွေးကြမည်ဟု သိရပါကြောင်း၊ ထို့ပြင် ဌာနအသီးသီးမှတာဝန်ရှိသူများ၊ ဘာသာရပ်ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအနေဖြင့် မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အကြံဉာဏ်များ၊ ဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် တိုက်တွန်းပြောကြား

လိုပါကြောင်း၊ ဆွေးနွေးမှုရလဒ်များထဲမှ နိုင်ငံတော်က ဖြည့်ဆည်းပေးရမည့်မူဝါဒ၊ လမ်းညွှန်ချက်များ၊ ဝန်ကြီးဌာနက ဆောင်ရွက်ပေးရမည့် လိုအပ်ချက်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူရမည့်ကဏ္ဍများ၊ ရော်ဘာစိုက်တောင်သူများက ပူးပေါင်းပါဝင် ဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး တာဝန်ခွဲဝေကာ ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

**ပူးပေါင်းအကောင်အထည်ဖော်**

ယနေ့ကျင်းပသည့် **"မြန်မာ ရော်ဘာဖိုရမ် (၂၀၂၃)"** အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးသည့် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခု ရော်ဘာဖိုရမ်၌ပင် ဆွေးနွေးရုံနှင့်မပြီးဘဲ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရော်ဘာလုပ်ငန်းရှင်များ၊ ရော်ဘာစိုက်တောင်သူများ စသည့် သက်ဆိုင်သူများအားလုံး အတူတကွ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၃) သို့ တက်ရောက်စဉ် ပြောကြားသည့်အမှာစကား

( ၂၉ - ၁၁ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၃) ကို နိုဝင်ဘာလ(၂၉)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ နောက်ခံအကြောင်းအရင်းများနှင့် အပစ်အခတ်ရပ်စဲရေးကို အခွင့်အရေးယူ၍ အင်အားတိုးချဲ့စုဆောင်းခြင်းများ ပြုလုပ်လာမှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့်ပတ်သက်၍ ပြောကြားရာ၌ KIA အဖွဲ့အနေဖြင့် ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါ သဘောတူစာချုပ်တွင် တပ်မဟာ ၄ ခုနှင့် အခြေပြုစခန်း ၉၄ ခုကို သတ်မှတ်ပေးခဲ့ကြောင်း၊ သို့သော် ၎င်းတို့အနေဖြင့် နောက်ပိုင်းတွင် ငြိမ်းချမ်းရေးကို အကြောင်းပြ၍ မူးယစ်ဆေးဝါးများ ရောင်းဝယ်ခြင်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများအား တစ်ဖက်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ခြင်းများ ပြုလုပ်၍ အင်အားတိုးချဲ့ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင်လိုင်ဇာ၊ လိုင်စင်ပို့(စ်)တို့၌လည်း လက်နက်ခဲယမ်းစက်ရုံများ တည်ဆောက်ခြင်းနှင့် လူအင်အားတိုးချဲ့ခြင်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

၂၀၂၁ ခုနှစ်တွင် ဖြစ်ပေါ်လာသည့် နိုင်ငံရေး အခြေအနေအရ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ အစွန်းရောက်သည့် လူငယ်များကို KIA စခန်းများ၌ စစ်ရေးလေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊ တပ်များဖွဲ့စည်းပေးခြင်းနှင့် လက်နက်ခဲယမ်းများ တပ်ဆင်ပေးခြင်းများကို အသစ်ဖွဲ့စည်းသည့် KIA တပ်မဟာ(၈)က

အဓိကဆောင်ရွက်ခဲ့ကြောင်း၊ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ယခုအချိန်အထိ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ဒေသတွင် တပ်မတော်နှင့် MNDAA ပူးပေါင်းအဖွဲ့များ တိုက်ပွဲဖြစ်ပွားနေချိန်၌ KIA အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ တပ်မတော်စခန်းငယ်တစ်ခုကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် လက်တုံ့ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း၌ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရာတွင် KIA နှင့် PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူများသာမက AA အဖွဲ့များပါ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ထီးချိုင့်၊ ကန့်ဘလူ၊ ကောလင်း၊ တမူး၊ ခမ်းပတ်မြို့များကို ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သကဲ့သို့ ချင်းပြည်နယ်အတွင်းရှိ ဟားခါး၊ လိုင်လင်းပီမြို့များကိုလည်း ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း၊ အဆိုပါဒေသမှ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအနေဖြင့် တပ်မတော်နှင့်လက်တွဲ၍ ပူးပေါင်းတိုက်ခိုက်မှုများကို ဆောင်ရွက်ခဲ့သကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း အကြမ်းဖက်အဖွဲ့များ၏ သတင်းများကို တပ်မတော်သို့ပေးပို့ခြင်းကြောင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

အလားတူ UWSA အဖွဲ့နှင့်ပတ်သက်၍ ၁၉၈၉ ခုနှစ်တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၍ ငြိမ်းချမ်းရေးယူခဲ့ပြီး နိုင်ငံတော်အနေဖြင့် “ဝ” ဒေသကို အထူးဒေသ (၂) အဖြစ် သတ်မှတ်ပေးခဲ့ကြောင်း၊ ရိက္ခာဖူလုံမှုမရှိသဖြင့် အဆိုပါ “ဝ” ဒေသအတွက် လိုအပ်သည့် ဆန်များကိုလည်း စဉ်ဆက်မပြတ် ထောက်ပံ့ပေးပို့ခဲ့ကြောင်း၊ UWSA အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးယူခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ရှိပြီဖြစ်ကြောင်း၊ “ဝ” ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော်လွန်ခဲ့သည့် ၁၀ စုနှစ်မှစ၍ “ဝ” ဒေသသည် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ ခေတ်မီမြို့ပြအဆင့်သို့ပင် ရောက်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့တိုးတက်လာမှုနှင့်အတူ ကိုယ်ပိုင်လက်နက်ထုတ်လုပ်မှုများကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်လာသည်ကို တွေ့ရကြောင်း၊ တပ်မတော်နှင့် တိုက်ပွဲများဖြစ်ပွားခြင်း မရှိခဲ့ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊
လောက်ကိုင်ဒေသတွင် ယခုကဲ့သို့
ရှုပ်ထွေးမှုများဖြစ်လာခဲ့ခြင်းမှာ
ကျားဖျန့်ဟုခေါ်သည့် အွန်လိုင်း
လောင်းကစားများမှတစ်ဆင့်
ပေါ်ပေါက်လာခြင်းဖြစ်၊ ယခင်ကတည်းက
မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့်
လောင်းကစားဝိုင်းများဖြင့်
လုပ်ဆောင်ခဲ့မှုများရှိ၊ ကိုဗစ်-၁၉
ဖြစ်ပွားချိန်တွင် အသွားအလာများ
တုံ့ဆိုင်းသွားသဖြင့် အွန်လိုင်းမှ
လောင်းကစားများ လုပ်ဆောင်ခဲ့ပြီး
လုပ်ငန်းအတွက် လိုအပ်သည့်
ကျွမ်းကျင်သူများနှင့် အထောက်အကူပြု
ဝန်ထမ်းများကိုခေါ်ယူ၍ လုပ်ဆောင်ခဲ့ရာ
တရားမဝင်နိုင်ငံခြားသားများပါ
လောက်ကိုင်ဒေသသို့ ဝင်ရောက်ခဲ့၊
ဖော်ထုတ်ရမိသည့် နိုင်ငံခြားသားများအနက်
နို၀င်ဘာ ၂၈ ရက်အထိ တရုတ်နိုင်ငံသို့
လွှဲပြောင်းပေးသူ ၂၀၃၅ ဦး၊
ရှာဖွေဖမ်းဆီးလွှဲပြောင်းသူ ၃၇၃၈ ဦး၊
မိမိအစီအစဉ်ဖြင့် ထွက်ခွာသူ ၃၇၉၃၆ ဦး၊
စုစုပေါင်း ၄၃၇၀၉ ဦးရှိပြီဖြစ်ပြီး
အချို့မှာ လွှဲပြောင်းပေးရန် ကျန်ရှိနေ။

၂၀၀၉ ခုနှစ် လောက်ကိုင်အရေးအခင်းဖြစ်ပွားချိန်တွင် ဖုန်ကြားရှင်နှင့် နောက်လိုက်အဖွဲ့များအနေဖြင့် ၎င်း၏သမက်ရှိရာ မိုင်းလားဒေသသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး အချို့မှာ တစ်ဖက်နိုင်ငံနှင့် အခြားဒေသများသို့ တိမ်းရှောင်ခဲ့ကြကြောင်း၊ လက်ရှိတွင် ဖုန်ကြားရှင်၏သား ဖုန်တာရွှင် ဦးစီးသည့်အဖွဲ့သည် MNDAA လက်ကျန်အဖွဲ့နှင့် ကိုးကန့်များကိုစည်းရုံး၍ အထူးဒေသအဖြစ် ပြန်လည်အသက်သွင်းရန် ကြိုးပမ်းခဲ့ကြောင်း၊ ပြီးခဲ့သည့်လအတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကိုးကန့်ဒေသအတွင်းရှိ တပ်မတော်လုံခြုံရေးစခန်းများကို တိုက်ခိုက်ရာတွင် TNLA၊ KIA၊ AA အဖွဲ့တို့အပြင် စုစည်းထားသည့် အခြားတပ်ဖွဲ့များမှ ကိုးကန့်များ၊ ပြည်ပမှ Drone ပညာရှင်များ စုစုပေါင်းအင်အား ၆၅၀၀ ခန့် ပါဝင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဖုန်တာရွှင် ဦးစီးသည့်အဖွဲ့သည် ၂၀၁၅ ခုနှစ်ကလည်း တပ်မတော်လုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့ကြောင်း၊ အလားတူ ၂၀၁၆ ခုနှစ်တွင်လည်း မုန်းကိုး၊ ဖောင်းဆိုင်၊ ကြူကုတ်၊ ၁၀၅ မိုင် ကုန်သွယ်ရေးခစခန်းကို တိုက်ခိုက်ခဲ့ကြောင်း၊ ထို့အတူ ၂၀၁၇ ခုနှစ်တွင် ရန်လုံကျိုင်းဂိတ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် အာဏာပြန်လည်ရရှိရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့နှင့် လက်တွဲဆောင်ရွက်နေသည့် TNLA အဖွဲ့အနေဖြင့်လည်း မန္တလေး-လားရှိုး-သိန္နီလမ်းကြောင်းပေါ်ရှိ နောင်ချို၊ သိန္နီမြို့များကို တိုက်ခိုက်ခဲ့သကဲ့သို့ လားရှိုးမြို့ကိုလည်း နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း၊ အဓိကအားဖြင့် Drone ကြီးများသုံး၍ Drop Bomb များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါတွင်လည်း နယ်စပ်ဒေသကုန်သွယ်ရေးအတွက် အဓိကနေရာဖြစ်သည့် မူဆယ်ကိုလည်း လာရောက်တိုက်ခိုက်လျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း၊ TNLA အဖွဲ့အနေဖြင့် မန္တလေး-လားရှိုးလမ်းကြောင်းကို ဖြတ်တောက်တိုက်ခိုက်နေခြင်းဖြစ်ပြီး အဓိကအားဖြင့် လားရှိုး-မူဆယ်-ချင်းရွှေဟော်ဆက်သွယ်သည့်လမ်းကြောင်းပေါ်မှ အဓိကကျသည့် သိန္နီမြို့မှ ပိတ်ဆို့တိုက်ခိုက်ခဲ့သည်ကို တွေ့ရကြောင်း၊ အလားတူ MNDAA တိုက်ခိုက်သည့်ဖြစ်စဉ်များတွင် TNLA အဖွဲ့အနေဖြင့် ထပ်ဖြည့်တိုက်ခိုက်သည်ကို တွေ့ရကြောင်း။

TNLA အဖွဲ့အနေဖြင့် ၂၀၀၉ ခုနှစ်တွင် KIA ၏ အကူအညီဖြင့် လိုင်ဇာတွင် စတင်ဖွဲ့စည်းခဲ့သည်ဟု သိရှိရကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သို့ စတင်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ TNLA ၏ ရည်ရွယ်ချက်မှာ ပလောင်ဒေသရရှိရေးပင်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ကုန်သွယ်ရေးဇုန်ကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ အလားတူ ၂၀၁၈ ခုနှစ်တွင် မူဆယ်မြို့ရှိ ပြည်သူ့စစ်စခန်းများနှင့် လုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တိုက်ပွဲများပြင်းပြင်းထန်ထန်ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများကို လက်နက်ခဲယမ်းများ ထောက်ပံ့ပေးခဲ့သည်ကို သိရှိရသဖြင့် ဝင်ရောက်ရှင်းလင်းစဉ် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ များစွာ သိမ်းဆည်းရမိခဲ့ကြောင်း။

ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းဒေသတွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များကို သုံးသပ်ကြည့်မည်ဆိုပါက သာလွန်အင်အားများ စုစည်းခြင်းနှင့် နည်းပညာသာလွန်မှုကို အသုံးချ၍ စစ်သုံးအဆင့် Drone များဖြင့် Drop Bomb များ အသုံးပြုတိုက်ခိုက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့အနေဖြင့် Drop Bomb အသုံးပြုမှုမှာ ယခုအချိန်အထိ အလုံးပေါင်း ၂၅၀၀၀ ကျော်ခန့် အသုံးပြုခဲ့သကဲ့သို့ ၁၀၇ မီလီမီတာ ရော့ကတ်ဒုံး အလုံး ၁၂၀ ခန့်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ကို သိရှိရကြောင်း။

မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ်မှ စတင်၍ ဖြစ်ပေါ်ခဲ့သည့် ဆူပူမှုနှင့် အကြမ်းဖက်မှုများကြောင့် တပ်မတော်နှင့် ရဲတပ်ဖွဲ့များပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် စစ်ဆင်ရေးဆောင်ရွက်ချိန်တွင်လည်း အထူးကန့်သတ်ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည့်အတွက် အချို့နေရာများတွင် လုံခြုံရေးအရ တပ်ဖွဲ့ဝင်များ ထားရှိရသည်များရှိကြောင်း၊ အဆိုပါနေရာများသို့ MNDAA နှင့် ပူးပေါင်းအဖွဲ့များက Drop Bomb များဖြင့် တိုက်ခိုက်ခြင်း၊ သာလွန်အင်အားများဖြင့် တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့ခြင်းကြောင့် မိသားစုဝင်များ၏ အသက်အန္တရာယ်လုံခြုံရေးအရ အချို့နေရာ

များကို စွန့်ခွာပေးခဲ့ကြောင်း၊ နယ်စပ်ဒေသဖြစ်ခြင်းကြောင့် တစ်ဖက်နိုင်ငံမှ အထင်အမြင်မလွဲမှားစေရန် ကန့်သတ်ထိန်းသိမ်း ဆောင်ရွက်ရပြီး အရပ်သူအရပ်သားအပြစ်မဲ့ပြည်သူများ မထိခိုက်အောင်လည်း ဆောင်ရွက်ခဲ့ရခြင်းများလည်းရှိကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လောက်ကိုင်ဒေသတွင် ယခုကဲ့သို့ ရှုပ်ထွေးမှုများဖြစ်လာခဲ့ခြင်းမှာ ကျားဖျန့်ဟုခေါ်သည့် အွန်လိုင်း လောင်းကစားများမှတစ်ဆင့် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ ယခင်ကတည်းက မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် လောင်းကစားဝိုင်းများဖြင့် လုပ်ဆောင်ခဲ့မှုများရှိကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားချိန်တွင် အသွားအလာများ တံ့ဆိုင်းသွားသဖြင့် အွန်လိုင်းမှ လောင်းကစားများ လုပ်ဆောင်ခဲ့ပြီး လုပ်ငန်းအတွက် လိုအပ်သည့်ကျွမ်းကျင်သူများနှင့် အထောက်အကူပြုဝန်ထမ်းများကို ခေါ်ယူ၍ လုပ်ဆောင်ခဲ့ရာ တရားမဝင်နိုင်ငံခြားသားများပါ လောက်ကိုင်ဒေသသို့ ဝင်ရောက်ခဲ့ကြောင်း၊ ဖော်ထုတ်ရမိသည့် နိုင်ငံခြားသားများအနက် နိုဝင်ဘာ ၂၈ ရက်အထိ တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးသူ ၂၀၃၅ ဦး၊ ရှာဖွေဖမ်းဆီးလွှဲပြောင်းသူ ၃၇၃၈ ဦး၊ မိမိအစီအစဉ်ဖြင့် ထွက်ခွာသူ ၃၇၉၃၆ ဦး၊ စုစုပေါင်း ၄၃၇၀၉ ဦးရှိပြီဖြစ်ပြီး အချို့မှာ လွှဲပြောင်းပေးရန် ကျန်ရှိနေသေးကြောင်း။

AA အဖွဲ့အနေနှင့်ပတ်သက်၍ ၂၀၀၉ ခုနှစ်တွင် KIA နယ်မြေတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ကျောက်တော်မြို့နယ်အတွင်း၌ ဒေသခံပြည်သူများအား အတင်းအဓမ္မလူသစ် စုဆောင်းခြင်းနှင့် တပ်တည်ဆောက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အတွက် တပ်မတော်မှ ရှင်းလင်းဆောင်ရွက်ခဲ့ရကြောင်း၊ အလားတူ ၂၀၁၉ ခုနှစ်တွင်လည်း နယ်စပ်ကင်းစခန်းများကို တိုက်ခိုက်ခဲ့သကဲ့သို့ ပလက်ဝမြို့နယ်မှ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူ ၁၁၈ ဦးကို ဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုအချိန်မှစ၍ ရခိုင်ပြည်နယ်အတွင်း AA နှင့် တိုက်ပွဲများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် မတ် ၁ ရက်တွင် နီပွန်ဖောင်ဒေးရှင်းမှ စေ့စပ်စီစဉ်ပေးမှုဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲပေးခဲ့ပြီး တစ်ဖက်မှလည်း အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားခြင်းမှ ရုပ်သိမ်းပေးခဲ့ကြောင်း၊ ထိုအချိန်မှစ၍ AA အဖွဲ့အနေဖြင့် လူသစ်စုခြင်း၊ ပြန်ပေးဆွဲခြင်း၊ အုပ်ချုပ်မှုကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် တပ်စခန်းများ တိုးချဲ့ဆောက်လုပ်လာခြင်းကြောင့် မိမိတို့အနေဖြင့် အကြိမ်ကြိမ် သတိပေးဆောင်ရွက်ခဲ့ရကြောင်း၊ မိုခါမုန်တိုင်းဝင်ရောက်ချိန်တွင် ရခိုင်ပြည်နယ်အတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ကြီးမားစွာ ဖြစ်ပေါ်ခဲ့ပြီး လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နေရာများသို့ မိမိကိုယ်တိုင်သွားရောက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်အရာရှိကြီးများကို မြို့နယ်တစ်ခုချင်းစီအလိုက် တာဝန်များပေးအပ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရေရှည်အကျိုးကိုကြည့်၍ မူလအခြေအနေများထက် သာလွန်ရမည်ဟု ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေအများစုကို အသုံးပြု၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ "ဘယ်သူ့တရားပျက်ပျက် ကိုယ်မပျက်နဲ့"ဆိုသည့် စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်ပေးခဲ့သည်မှာ ယခုအခါ ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ၉၉ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ သို့သော် AA အဖွဲ့အနေဖြင့် သစ္စာမရှိဘဲ ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်၍ MNDAA အဖွဲ့နှင့်ဖြစ်ပွားသည့် ဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြောင်း၊ မကြာခင်က ပလက်ဝဒေသရှိ လုံခြုံရေး စခန်းငယ်နှစ်ခုနှင့် ပေါက်တောမြို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ရဲစခန်းအချို့ကိုလည်း သာလွန်အင်အားများဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စွန့်စွန့်စားစား ချေမှုန်းတိုက်ခိုက်မှုများကြောင့် ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း၊ AA အဖွဲ့မှ ထိခိုက်ကျဆုံးမှုများပြားပြီး မိမိတို့ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ထိခိုက်ကျဆုံးမှုရှိကြောင်း၊ AA အဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်တောင်ပိုင်းရှိ အချို့ဒေသများတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်များကို ဖမ်းဆီးခြင်း၊ ဝန်ထမ်းများ ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့သကဲ့သို့ မော်တော်ယာဉ်

ယာဉ်မောင်းများကို ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ရခိုင်ဒေသမှ ရခိုင်ပြည်သူများအနေဖြင့် တိုင်းချစ်၊ ပြည်ချစ်စိတ်၊ ပြည်နယ်တိုးတက်စေလိုသည့်စိတ်များဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်လိုသည်ကို ပြောကြားလိုကြောင်း။

KNPP/KNDF အဖွဲ့နှင့်ပတ်သက်၍ ပြီးခဲ့သည့် နိုဝင်ဘာ ၁၁ ရက်မှစတင်ပြီး KNPP/KNDF အဖွဲ့အနေဖြင့် ကယားပြည်နယ်လွိုင်ကော်မြို့သို့ အင်အား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ သို့သော်အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးမှုအရ အချို့အဖွဲ့များကို ချေမှုန်းတိုက်ခိုက်နိုင်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် လူ၊ လက်နက်ခဲယမ်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ အဆိုပါတိုက်ပွဲမဖြစ်မီ၌ ကယားပြည်နယ်အတွက် လက်နက်ခဲယမ်းများကြိုတင်စုဆောင်းခဲ့သည်ကို သိရှိရကြောင်း၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ၎င်းတို့အတွက် ကြိုတင်စုဆောင်းသည့် လက်နက်အလက် ၅၀၀ နှင့် ခဲယမ်းများကို ဟိုပုံးမြို့နယ်အတွင်း ဖမ်းဆီးရမိခဲ့သည်ကို သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း၊ အလားတူ နိုဝင်ဘာ ၁၆ ရက်နေ့ကလည်း လက်နက်မျိုးစုံ ၁၃၀ လက်၊ ကျည်မျိုးစုံ ၁၃၀၀၀ ကျော်၊ လက်ပစ်ဗုံး ၇၆၀၀ ကျော်၊ လက်နက်ငယ်ပြောင်းပို ၅၀၀ ချောင်းနှင့် အခြားခဲယမ်းများကို ဖမ်းဆီးရမိခဲ့ကြောင်း၊ နောက်ထပ်လည်း လက်နက်ခဲယမ်းများ သယ်ယူရန် ကြိုးပမ်းနေကြောင်း။

၎င်းဖြစ်စဉ်တွင် ဖမ်းဆီးရမိခဲ့သူများ၏ ထွက်ဆိုချက်များအရ အဆိုပါလက်နက်ခဲယမ်းများသည် မိုင်းကိုင်နယ်မြေတွင် လှုပ်ရှားလျက်ရှိသည့် SSPP/SSA နယ်မြေမှတစ်ဆင့် ရောက်ရှိလာခြင်းဖြစ်သည်ဟု သိရှိရကြောင်း၊ သယ်ယူရာတွင်လည်း PNO ပအိုဝ်းတပ်ဖွဲ့ယူနီဖောင်း ဝတ်ဆင်ထားသူများ၏ လုံခြုံရေးအကာအကွယ်ပေးမှုဖြင့် မော်တော်ယာဉ်များဖြင့် သယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်းသို့ လက်နက်ခဲယမ်းများကို နည်းလမ်းမျိုးစုံဖြင့် ပို့ဆောင်လျက်ရှိပြီး ဖော်ထုတ်ဖမ်းဆီးရမိမှုများရှိခဲ့သဖြင့် KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုများကို အတိုင်းအတာတစ်ခုအထိ ဟန့်တားနိုင်ခဲ့ခြင်းပင်ဖြစ်ပြီး လက်ရှိအချိန်တွင် လွိုင်ကော်ဒေသကို ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့ပြီဖြစ်ကြောင်းကို အသိပေးလိုပါကြောင်း။

အလားတူ KNU အဖွဲ့နှင့် ပတ်သက်၍ KNU အဖွဲ့သည် ကြီးမားသည့်တိုက်ပွဲများ မဖြစ်ပွားသည်မှာ ကြာပြီဖြစ်ကြောင်း၊ သမ္မတကြီး ဦးသိန်းစိန်လက်ထက်တွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ရရှိခဲ့ပြီး NCA လက်မှတ်ရေးထိုးခဲ့ပြီးနောက်ပိုင်းတွင် ၎င်းတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နတလ အဖွဲ့များ၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ သို့သော်လည်း ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများကို အကြောင်းပြု၍ သဘောထားတင်းမာမှုများရှိခဲ့ကြောင်း၊ တစ်ဆက်တည်း၌ပင် ပြီးခဲ့သည့် ဧပြီလ ၂၄ ရက်တွင် ပြုလုပ်ခဲ့သည့် KNU ၏ ၁၇ ကြိမ်မြောက် ကွန်ဂရက်အစည်းအဝေးတွင် ထိုအချိန်က ဥက္ကဋ္ဌဖြစ်သူ စောမူတူးစေးဖိုးအား ဖြုတ်ချ၍ ဖဒိုကွယ်ထူးဝင်း ဥက္ကဋ္ဌအဖြစ် တက်လာခဲ့သည်ကို တွေ့ရကြောင်း၊ ထို့နောက် KNLA တပ်မဟာ ၅၊ တပ်မဟာ ၆ တို့သည် NCA လမ်းကြောင်းပေါ်မှ သွေဖည်ခဲ့ပြီး တပ်မတော်တပ်စခန်းငယ်များနှင့် မြဝတီ၊ ကော့ကရိတ်မြို့တို့ကို နှောင့်ယှက်တိုက်ခိုက်လာခဲ့ပြီး ယနေ့ထက်တိုင် နှောင့်ယှက်တိုက်ခိုက်မှုများ ရှိနေသည်ကိုတွေ့ရကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာ ၂၄ ရက်တွင် KNLA တပ်မဟာ ၅ အနေဖြင့် တပ်မတော်တပ်စခန်းတစ်ခုကို အင်အား အလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ပြီး တပ်မဟာ ၆ အနေဖြင့် နိုဝင်ဘာ ၂၇ ရက်တွင် ကျိုက်မရောမြို့နယ်ရှိ ချောင်းနှစ်ခွ တံတားကို တိုက်ခိုက်ဖောက်ခွဲဖျက်ဆီးခဲ့သည်ကို တွေ့ရကြောင်း။

ယင်းတို့ကို ကြည့်မည်ဆိုပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးကို အကြောင်းပြု၍ နောက်ကွယ်တွင် အင်အားစုစည်းတည်ဆောက်ခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များ အပြိုင်အဆိုင်တည်ဆောက်ထုတ်လုပ်ခြင်း၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကို အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်တန်းပေးခြင်း၊ လက်နက်ခဲယမ်းမီးကျောက်များ ရောင်းချပေးခြင်း စသည်တို့ကို လုပ်ဆောင်လျက်ရှိပြီး ငြိမ်းချမ်းရေးအပေါ် အမြတ်ထုတ်လျက်ရှိသည်ကို တွေ့

မြင်ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတွင် တာဝန်ရှိသည့်အတွက် သောင်းကျန်းသူ ချေမှုန်းရေးကို ဖိဖိစီးစီးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် မထိခိုက်ရေးတို့အတွက်ကိုလည်း တပ်မတော်သားများအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးလျက်ရှိသည်ကို ပြောလိုပါကြောင်း။

**တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီကို လိုလားသည့် ပြည်သူလူထုနှင့်တစ်သားတည်းရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တပ်မတော်မှ ပါတီစုံဒီမိုကရေစီစနစ်ကို ဦးဆောင်၍ ဖော်ဆောင်ပေးခဲ့မှုနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားရာတွင် "ကျွန်တော်တို့သည် ပါတီစုံဒီမိုကရေစီစနစ်ကို သွားနေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီက ပြည်သူက တောင်းဆိုတဲ့အတွက်ကြောင့် တပ်မတော်က ဖော်ဆောင်ပေးခြင်းဖြစ်ပါတယ်။ တပ်မတော်က ဦးဆောင်ပြီးတော့မှ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးတာပါ။ အခုမှ တပ်မတော်က လိုက်ပြီးတော့ ပါတီစုံဒီမိုကရေစီစနစ်ကို ထောက်ခံတာမဟုတ်ပါဘူး။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၁၉၈၈ ခုနှစ် ဒီမိုကရေစီတောင်းဆိုမှု အရေးအခင်းပြီးတဲ့နောက်ပိုင်းကနေပြီးတော့ အဲဒီက နဝတ ကြေညာချက်တွေကို ကြည့်မယ်ဆိုရင် ဒါ တပ်မတော်က ကိုယ်စားပြုပြီး ကြေညာခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ ပါတီစုံဒီမိုကရေစီကို သွားမယ်ဆိုပြီးတော့ ကျွန်တော်တို့က ပြောခဲ့တာရှိပါတယ်။ အဲဒီအတိုင်းပဲ နောက်ဆုံး ဒီပါတီစုံဒီမိုကရေစီစနစ်ကို အခိုင်အမာ အထောက်အကူပေးနိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီးတော့မှ ဒီဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ သွားခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ သွားတဲ့အခါမှာလည်း ကျွန်တော်တို့ ဒီရွေးကောက်ပွဲလမ်းကြောင်းကို ဖော်ဆောင်သွားတာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲလမ်းကြောင်းက သွားတာဖြစ်တဲ့အတွက်ကြောင့် ရွေးကောက်ပွဲလုပ်ခဲ့တာ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်မှာအထွေထွေရွေးကောက်ပွဲသုံးကြိမ်လုပ်ခဲ့တာ။ ၂၀၁၀ ရွေးကောက်ပွဲ၊ ၂၀၁၅ ရွေးကောက်ပွဲမှာ ပြဿနာအနည်းအကျဉ်းရှိတာလွဲလို့ ကြီးကြီးမားမား ဘာတစ်ခုမှ မဖြစ်ခဲ့ပါဘူး။ ၂၀၂၀ ရွေးကောက်ပွဲမှာတော့ ရုပ်ပျက်ဆင်းပျက်ကို မဲမသမာမှုတွေ ပြုလုပ်ခဲ့တာ ပေါ်လွင်ခဲ့ပါတယ်။ အဲဒီနောက် မရိုးသားတဲ့၊ မသန့်စင်တဲ့ မဲရလဒ်တွေနဲ့ အာဏာရဖို့အတွက်၊ အဓမ္မအာဏာရဖို့အတွက် ကြိုးစားလာတဲ့အတွက်ကြောင့် ကျွန်တော်တို့ (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အရေးပေါ်အခြေအနေ ကြေညာပြီးတော့မှ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်ပြီး တပ်မတော်က ဆောင်ရွက်ခဲ့တာ ကောင်စီဝင်များအားလုံး သိပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဦးဆောင်ပြီးတော့ ဖော်ဆောင်ပေးသလို ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်ရေးအတွက်

> ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍
> နိုင်ငံအတွင်း၌ အရင်းအနှီးရှိသူများအနေဖြင့်
> ထိုငွေများကို တိုင်းပြည်၏ ကုန်ထုတ်လုပ်မှု
> လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ
> ဆောင်ရွက်ပါက များစွာအကျိုးရှိမည်ဖြစ်၊
> အရင်းအနှီးမတတ်နိုင်သဖြင့်
> တောင်သူများသည် စိုက်ပျိုးရေး
> လုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို
> လုပ်ကိုင်နိုင်ခြင်းမရှိကြသည်ကို တွေ့ရ၊
> ငွေကြေးတတ်နိုင်သူများအနေဖြင့်
> မိမိတို့၏ ငွေကြေးများကို အသုံးပြုပြီး
> စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေး
> လုပ်ငန်းများတွင် လိုအပ်သည့်မျိုး၊
> နည်းပညာ၊ အစားအစာ၊ မြေဩဇာ၊
> ရေရရှိရေးစသည်တို့ကို ဦးဆောင်စည်းရုံး
> ဆောင်ရွက်မည်ဆိုပါက
> များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်။

**လည်း ကျွန်တော်တို့က ဦးဆောင်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်သလို ပါတီစုံဒီမိုကရေစီစနစ်လိုလားတဲ့ ပြည်သူတွေနဲ့တပ်မတော် တစ်သားတည်းရှိကြောင်းကိုလည်း ကျွန်တော်တို့ ပြောလိုပါတယ်။ တစ်သားတည်းရှိကြောင်း ပြောလိုပါတယ်။ နိုင်ငံရေးတည်ဆောက်မှုအခန်းကဏ္ဍမှာ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ကျွန်တော်ပြောလိုပါတယ်။ ဒါကတော့ လုံခြုံရေးနဲ့ပတ်သက်တဲ့ အခြေအနေနဲ့ပတ်သက်ပြီး ကောင်စီဝင်များ သိရှိနိုင်ဖို့အတွက်ပြောခြင်း ဖြစ်ပါတယ်။**

**အခြေအနေအရ ပိတ်ထားရသည့်တက္ကသိုလ်များအား ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်**

ကယားပြည်နယ်တွင်ဖြစ်ခဲ့သည့် ဖြစ်စဉ်များအနက် လွိုင်ကော်တက္ကသိုလ်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုဝင်များကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်းများကို အကြမ်းဖက်သမားများအနေဖြင့် ကျူးလွန်ခဲ့ကြကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လွိုင်ကော်မြို့တွင်းရှိ အကျဉ်းဦးစီးဌာနအပါအဝင် နေရာအနှံ့အပြား၌ တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားလျက်ရှိသဖြင့် တက္ကသိုလ်ရှိ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ ထိခိုက်မှုမရှိစေရေး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဂရုပြုဆောင်ရွက်ခဲ့ရကြောင်း၊ တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း စစ်ရေးနှင့် မသက်ဆိုင်သည့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ဖမ်းဆီးခေါ်ဆောင်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းပါ အချက်များကို ချိုးဖောက်လျက်ရှိသဖြင့် လုံးဝလက်သင့်ခံ၍ မရကြောင်း၊ ထိခိုက်မှုမရှိဘဲ အမြန်ဆုံးပြန်လည်စေလွှတ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်းကို သတင်းထုတ်ပြန်တိုက်တွန်းခဲ့သကဲ့သို့ တစ်ဖက်တွင်လည်း ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံများနှင့်ဘာသာသာသနာပြုအဖွဲ့အစည်းများ၏တိုက်တွန်းချက်များအရ KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့်ပညာရေးဝန်ထမ်းများနှင့်ကျောင်းသား၊ ကျောင်းသူများ၊ မိသားစုဝင်များကို ရေရှည်ခေါ်ထားရန် မရသည့်အတွက် ၎င်းတို့ဖမ်းဆီးခေါ်ဆောင်သွားခဲ့သူများကို ပြန်လည်စေလွှတ်ပေးခဲ့ရာ ယခုဆိုပါက ဖမ်းဆီးခြင်းခံရသူ ၂၀၄ ဦးရှိသည့် အနက် ၁၁ ဦးသာ ပြန်လည်ရောက်ရှိရန်ကျန်ရှိမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လုပ်ရပ်ကြောင့် လွိုင်ကော်တက္ကသိုလ်တွင် ဖြေဆိုမည့် အဝေးသင်တက္ကသိုလ်စာမေးပွဲများ ဖျက်သိမ်းခဲ့ရပြီး စာမေးပွဲဖြေဆိုကြမည့်ကျောင်းသား၊ကျောင်းသူများနှင့်ကျောင်းသားမိဘများအနေဖြင့် ထိခိုက်နစ်နာခဲ့ကြရပြီး ဒေသခံများ၏ လူမှုစီးပွားဘဝများလည်း ထိခိုက်ခဲ့ရကြောင်း၊ အလားတူ လွိုင်ကော်ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်တို့ကိုလည်း ပိတ်ခဲ့ရကြောင်း၊ လွိုင်ကော်ကဲ့သို့ပင် ဟားခါးတက္ကသိုလ်သည်လည်း ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း၊ ပြီးခဲ့သည့် နိုဝင်ဘာ ၂၃ ရက်မှစတင်၍ တက္ကသိုလ်အားလုံးကို ပုံမှန်အတိုင်းဖွင့်လှစ်ထားသည်ဖြစ်သော်လည်း အချို့သော နယ်မြေတည်ငြိမ်အေးချမ်းမှု မရှိသည့်ဒေသများ၌ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လာရောက်ရန် အခွင့်အလမ်းနည်းပါးသဖြင့် ကျောင်းတက်ရောက်သူ နည်းပါးမှုများရှိကြောင်း၊ အခက်အခဲရှိသည့်အတွက်ကြောင့် ပိတ်ထားရသည့် ကျောင်းများလည်းရှိကြောင်း၊ အခြေအနေပေးခဲ့မည်ဆိုပါက အဆိုပါကျောင်းများကို ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယ်မြေအခြေအနေအရ တာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမများ၏ အသက်ဘေးအန္တရာယ် လုံခြုံစိတ်ချမှုရှိစေရေးအတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ ပုံမှန်အတိုင်းဖွင့်လှစ်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**စက်သုံးဆီ၊ စားသုံးဆီနှင့်ပတ်သက်၍ မှန်မှန်ကန်ကန်ဖြစ်စေရေး အရေးယူကြပ်မတ်ဆောင်ရွက်လျက်ရှိ**

နောက်တစ်ချက်အနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီကိစ္စဖြစ်ပြီး ယခင်အစည်းအဝေးများ၌လည်း လိုအပ်သည့် အရေးယူမှုများ ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ စက်သုံးဆီနှင့်ပတ်သက်၍ သတ်မှတ်ဈေးနှုန်းထက် မတန်တဆ အမြတ်ယူရောင်းချခဲ့သည့် ကုမ္ပဏီ ရှစ်ခုနှင့် သာမန်အားဖြင့် ထိုက်သင့်သည့်နှုန်းများထက် အမြတ်တင်၍ ရောင်းချခဲ့သည့်ကုမ္ပဏီများကို

စည်းမျဉ်းဥပဒေနှင့်အညီ အရေးယူခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍လည်း တာဝန်ရှိသည့်အဖွဲ့များ ဖွဲ့စည်း၍ အရေးယူဆောင်ရွက်လျက်ရှိသည်ကို ပြောလိုပါကြောင်း၊ စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများကိုလည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်စေရေး စည်းမျဉ်းချိုးဖောက်သူများကို ဥပဒေအရ အရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ စက်သုံးဆီ၊ စားသုံးဆီနှင့်ပတ်သက်၍ဥပဒေနှင့်မညီသည့် ဆောင်ရွက်မှုများတွင် တာဝန်ရှိသည့် ပုဂ္ဂိုလ်များကိုလည်း အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှစ်ဦးကိုလည်း ပြင်းထန်သည့်အရေးယူခြင်းများ ပြုလုပ်ခဲ့သကဲ့သို့ တာဝန်ရှိသည့် နိုင်ငံ့ဝန်ထမ်းအချို့ကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်နေသည်ကို အသိပေးလိုပါကြောင်း။

**ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်**

စီးပွားရေးနှင့်ပတ်သက်၍ ပြည်ပမှ ဝင်ငွေရရှိရေးနှင့်ပတ်သက်၍ ဝင်ငွေတွင် ကုန်သွယ်မှုမှရရှိသည့် ဝင်ငွေနှင့် ကုန်သွယ်မှုမဟုတ်ဘဲ အခြားနည်းမှရရှိသည့် ဝင်ငွေဟူ၍ရှိကြောင်း၊ Non–Trade မှ ရရှိသည့်ဝင်ငွေတွင် ထောက်ပံ့ငွေများ၊ ချေးငွေများ၊ အခွန်အခများ၊ ပြည်နယ်ရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်မှုမှ ဝင်ငွေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ ရရှိငွေများဟူ၍ရှိကြောင်း၊ ခိုင်မာသည့်ဝင်ငွေမှာ ကုန်သွယ်မှုမှရရှိသည့် ဝင်ငွေပင်ဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ များစွာပြောကြားခဲ့ပြီးဖြစ်ပြီး မိမိတို့သည် ယခင်ကတည်းကပင် နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေများဖြင့်သာ နိုင်ငံခြားငွေလိုအပ်ချက်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုမှ ရရှိသည့်ဝင်ငွေသည် ပို့ကုန်(Export)ထက် သွင်းကုန်(Import)က ပိုမိုများပြားနေသဖြင့် လိုငွေပြနေခြင်းဖြစ်ကြောင်း၊ ပို့ကုန်(Export)နည်းပါးခြင်းသည် မိမိတို့နိုင်ငံ၏ လိုအပ်ချက်ကြောင့်မဟုတ်ဘဲ အလုပ်မလုပ်သည့်အတွက်သာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လုပ်ကိုင်စားသောက်နိုင်မည့် ရေမြေသယံဇာတနှင့် ရာသီဥတုတို့ကို ပိုင်ဆိုင်ထားပြီးဖြစ်သော်လည်း အလုပ်ကိုဖိဖိစီးစီး ဆောင်ရွက်မှုမရှိသောကြောင့် ကုန်ထုတ်လုပ်မှုများ အားနည်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီအစိုးရ တက်လာခဲ့ပြီး ယခင်ကဆောင်ရွက်ခဲ့သည့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆက်လက်လည်ပတ်ရန် အားပေးမှုမရှိခြင်း၊ ပုဂ္ဂလိကပိုင်လွှဲပြောင်းပေးခြင်း၊ ဖျက်သိမ်းခဲ့ခြင်းတို့ကို လုပ်ဆောင်ခဲ့သောကြောင့် ယခင်က နိုင်ငံ့စီးပွားရေးတွင် အဓိကမဏ္ဍိုင်အဖြစ်ရှိခဲ့သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် အားနည်းမှုများဖြစ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အာဆီယံနှင့်ဒေသတွင်းနိုင်ငံများထက် GDP နည်းပါးလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ GDP သည် အလုပ်လုပ်မှ တိုးတက်မည်ဖြစ်ကြောင်း၊ မိမိမကြာခဏ ပြောသကဲ့သို့ပင် ထုတ်ကုန်ပစ္စည်းမရှိဘဲ ရောင်းကုန်ပစ္စည်းရမည်မဟုတ်ကြောင်း၊ ရောင်းကုန်ပစ္စည်းရမှသာလျှင် ဝင်ငွေရနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုကို အားပေးရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားသည့် နယ်မြေဒေသများသို့ ရောက်ရှိချိန်တွင် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ကြစေလိုကြောင်း။

နောက်တစ်ချက်အနေဖြင့် သတင်းအတုများနှင့်ပတ်သက်၍ မဟုတ်မမှန်ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မဖြစ်နိုင်ဖွယ် သတင်းမှား၊ သတင်းအတုများဖြစ်သော်လည်း ပြည်သူလူထုကို အထင်အမြင်လွဲမှားစေရေး ရည်ရွယ်ချက်ရှိရှိ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေလျက်ရှိသဖြင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကာ ပြည်သူလူထုများ သတင်းအမှန်ကို သိရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အခွန်ရှောင်နေသူများစွာရှိကြောင်း၊ အခွန်အကောက်နှင့်ပတ်သက်၍ မှန်မှန်ကန်ကန်ရရှိရေးသည် အရေးကြီးကြောင်း၊ ကောလာဟလသတင်းများကြောင့် ဘဏ်များမှ ငွေပြန်လည်ထုတ်ယူသူများ ရှိခဲ့ကြောင်း၊ ယခုအချိန်တွင် မရှိတော့ပါကြောင်း၊ ဘဏ်များ၏ လုံခြုံရေးနှင့်ပတ်သက်၍ ပုဂ္ဂလိကဘဏ်များ၏ လုံခြုံရေးရှိသကဲ့သို့ အစိုးရဘဏ်များ၏ လုံခြုံရေးလည်းရှိကြောင်း၊ ဘဏ်လုံခြုံရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့်ဖြစ်စဉ်များကို ပြန်ကြည့်ပါက ဘဏ်ဝန်ထမ်းများသည် အဖျက်အမှောင့်

လုပ်ငန်းများတွင် ပါဝင်နေသည်ကို တွေ့ရကြောင်း၊ ဘဏ်ဝန်ထမ်းများ၏ လုပ်ဆောင်ချက်သည် များစွာအရေးပါကြောင်း။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ငွေရလွယ်သည့်ဘဏ်များကို အဓိကထား တိုက်ခိုက်လာကြသည်ကို တွေ့ရကြောင်း၊ ပြီးခဲ့သည့် ရက်သတ္တပတ်က ကောလင်းမြို့ရှိ ပုဂ္ဂလိကဘဏ် တစ်ခုအား PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသခံဘဏ်ဝန်ထမ်းများအား ခြိမ်းခြောက်၍ ငွေများလုယူခဲ့ရာ ဘီလီယံ ၄၀ ကျော် ဆုံးရှုံးမှုဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကဘဏ် လုံခြုံရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့များဖြင့် ဆောင်ရွက်စေလျက်ရှိပြီး အလွန်အရေးကြီးသည့် ဘဏ်များတွင်သာ တပ်မတော်သားများဖြင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ နိုင်ငံအတွင်း၌ အရင်းအနှီးရှိသူများအနေဖြင့် ထိုငွေများကို တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ အရင်းအနှီးမတတ်နိုင်သဖြင့် တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ခြင်းမရှိကြသည်ကို တွေ့ရကြောင်း၊ ငွေကြေးတတ်နိုင်သူများအနေဖြင့် မိမိတို့၏ ငွေကြေးများကို အသုံးပြုပြီး စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေး လုပ်ငန်းများတွင် လိုအပ်သည့်မျိုး၊ နည်းပညာ၊ အစားအစာ၊ မြေသြဇာ၊ ရေရရှိရေးစသည်တို့ကို ဦးဆောင် စည်းရုံး ဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေး လုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လိုပါက နိုင်ငံတော်အနေဖြင့် အားပေးရန် အဆင်သင့်ရှိပါကြောင်း၊ ထို့အတူ MSME လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုပါကလည်း သက်ဆိုင်ရာဌာနများ အနေဖြင့် အပြည့်အဝ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြောင်းနှင့် နေကြာကို ပိုမိုစိုက်ပျိုးပေးနိုင်မည့်အခြေအနေကို တွေ့ရကြောင်း၊ ပြီးခဲ့သည့်နှစ်က မိုးစပါးစိုက်ပြီး အခြားသီးနှံစိုက်သည့် သီးထပ်စွမ်းအား အလွန်နည်းသည်ကို တွေ့ရကြောင်း၊ မိုးသီးနှံစိုက်ပျိုးပြီးပါက သီးထပ်စိုက်ပျိုးနိုင်သည့် သီးနှံများ မရှိသောကြောင့် လယ်ယာမြေများ အလဟဿဖြစ်ပြီး အကျိုးမရှိသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မိုးသီးနှံ စိုက်ပျိုးပြီးချိန်၌ ပြောင်းသီးနှံနှင့် နေကြာသီးနှံတို့ကို စိုက်ပျိုးပါက အကျိုးကျေးဇူး များစွာရရှိမည်ဖြစ်ကြောင်း၊ ထို့အတူ ကော်ဖီစိုက်ပျိုးရေးကို အားပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စီမံကိန်းတစ်ခုကို ဆောင်ရွက်ပါက မှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တာဝန်ရှိသူများ အနေဖြင့် နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမည့် စိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းများကို စိတ်ဝင်တစားဖြင့် မေးမြန်းအကြံပေး တိုက်တွန်းပြောကြားရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေး တွင်လည်း များစွာအထောက်အကူဖြစ်ကြောင်း၊ အဓိကကျသည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများတွင် အစိုးရအနေဖြင့် အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်နှင့် အားပေးရန်လိုအပ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ အားနည်းသည့် ဒေသသုံးခုရှိကြောင်း၊ ယင်းတို့မှာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့ဖြစ်ကြောင်း၊ ယခု ဖြစ်ပွားခဲ့သည့် ပြဿနာများကြောင့် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ တက္ကသိုလ်များ ပိတ်ထားရကြောင်း၊ ထို့ကြောင့် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့သည် ပညာရေးတွင် နောက်ကျကျန်ခဲ့ကြောင်း၊ ယခုအချိန်တွင် လက်နက်ကိုင်ပြီး အာဏာလိုချင်သည့်သူများ ပေါ်ပေါက်လာပါကြောင်း၊ ယင်းစိတ်ဓာတ်များကို ပြုပြင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို သွားရန် ပညာတတ်များ လိုအပ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်ကဦးဆောင်၍သွားမည်၊ ပြည်သူကလည်း လိုချင်သည့်အတွက် ပြည်သူနှင့်တစ်သားတည်း ဖြစ်မည်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်မည်ဟူသည့် ဦးတည်ချက်များကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ဦးဆောင်ပြီး ခိုင်ခိုင်မာမာ တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၇ - ၁၁ - ၂၀၂၃ )

ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများနှင့် မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား

ယနေ့ကျရောက်သည့်(၆၈)နှစ်မြောက်ကရင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်လူမျိုးတို့၏ နေ့ထူးနေ့မြတ် အခါသမယဖြစ်သော ကရင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် (၆၈)နှစ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ကရင်ပြည်နယ်သည် သဘာဝအလှတရားများဖြစ်သည့် မြစ်ချောင်းအင်းအိုင်များနှင့် တောတောင်များ၊ လိုဏ်ဂူများ၊ ရေတံခွန်စိမ့်စမ်းများ၊ ရိုးသားဖြူစင်သည့် ဒေသခံတိုင်းရင်းသားတို့၏ ချစ်ခင်နှစ်သက်ဖွယ် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ မြတ်နိုးဖွယ်ရာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြင့် ပြည့်စုံကြွယ်ဝသည့် သာယာလှပသောဒေသတစ်ခု ဖြစ်ပါသည်။ ထို့ပြင် ကရင်တိုင်းရင်းသားတို့၏ ရွှင်မြူးတက်ကြွဖွယ် ကရင်ဒုံးယိမ်းအကနှင့် ဖားစည်သံတို့သည် ပြည်တွင်း၌သာမက ပြည်ပကပါ နှစ်သက်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့ တစ်ခုအဖြစ် ထင်ရှားလှပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးအရအရေးပေါ်အခြေအနေ (၆)လ သက်တမ်းတိုးပြီးချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် ပိုမိုကြိုးစားဆောင်ရွက် လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ရွေးကောက်ပွဲပြန်လည်ကျင်းပပြုလုပ်၍ ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်တာဝန် ပြန်လည်လွှဲပြောင်းပေးနိုင်ရန် ဦးတည်ချက်ထား၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အရေးပေါ်အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ကိုချမှတ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခက်အခဲများအကြားမှ ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ ပထမအချက်တွင် **"လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်"** ဆိုသည့် သတ်မှတ်ချက်နှင့်အညီ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးကို မိမိတို့နိုင်ငံနှင့် ကိုက်ညီသင့်တော်သည့် ရွေးကောက်ပွဲစနစ် တည်ဆောက်မှုပုံစံတို့ဖြင့် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်သည့်အတွက် အထွေထွေရွေးကောက်ပွဲ တစ်ရပ်ဖြစ်စေရေးနှင့် ဒီမိုကရေစီစနစ်ခိုင်မာစေရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်

များရှိ တိုင်းရင်းသား မိဘပြည်သူများကလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါသည်။

NCA နှင့်ပတ်သက်၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့(၇)ဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၃)ဖွဲ့ စုစုပေါင်း (၁၀)ဖွဲ့တို့သည် ငြိမ်းချမ်းရေးအတွက် အပြန်အလှန် ဆွေးနွေးညှိနှိုင်း ခဲ့ကြသည့်အတွက် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု မျှော်လင့်ရပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများနှင့် မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကို ကြည့်မည်ဆိုလျှင် ပြည်တွင်းစီးပွားရေးနှင့် ပြည်ပစီးပွားရေးနှစ်ခုရှိပြီး ကိုဗစ်ကာလအတွင်း ကုန်ထုတ်လုပ်မှုများ အားနည်းခဲ့သည့်အပြင် ပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းရပ်များတွင်လည်း အခက်အခဲများ ဖြစ်ပေါ်ခဲ့ရပါသည်။ အလားတူ ပြည်ပနိုင်ငံကြီးအချို့၏ ဘက်ပေါင်းစုံမှ ဖိအားပေး အကျပ်ကိုင်မှုများကြောင့် ပြည်တွင်းပြည်ပ ကုန်သွယ်ရေးများကိုလည်း ထိခိုက်စေခဲ့ပြီး နိုင်ငံ့စီးပွားတိုးတက်သင့်သလောက် မတိုးတက်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ မိမိတို့အစိုးရအနေဖြင့် ဝိုင်းဝန်းပိတ်ဆို့မှု၊ ဖျက်လိုဖျက်ဆီး လုပ်မှုများအကြားမှ နိုင်ငံ့စီးပွားရေးကို ရပ်တည်နိုင်အောင် ကြိုးပမ်းခဲ့ရပါသည်။ ၂၀၁၉-၂၀၂၀ တို့တွင် နိုင်ငံ့ GDP တိုးတက်မှု အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၀၂၁-၂၀၂၂ တွင် အပေါင်း ၃ ရာခိုင်နှုန်းအထက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်းကာလအတွင်း၌ လမ်းတံတားများ၊ လျှပ်စစ်တာဝါတိုင်များ၊ ပြည်သူပိုင်အဆောက်အအုံများကို အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့မှုကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးရမည့်ဘဏ္ဍာငွေများကိုပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး၌သုံးခဲ့ရသဖြင့် စီးပွားရေးတိုးတက်မှု ရသင့်သလောက်မရခဲ့သည်ကို တိုင်းရင်းသားမိဘပြည်သူများအားလုံး သိရှိပြီးဖြစ်ပါသည်။

ထို့ပြင် နိုင်ငံတော်၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် လက်တွေ့ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အားပေးဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာများနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော MSME လုပ်ငန်းများကို ပြည်နယ်အစွမ်းအဖျားပါမကျန် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင် တခြားတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားလုံးအမြင်ကျယ်ကျယ် ရှုမြင်သုံးသပ် ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်တိုင်းရင်းသားများနှင့် မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက်လည်း လူတိုင်းကျန်းမာရေးကောင်းမွန်ရန်၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များရရှိကာ လူတိုင်းဝင်ငွေရရှိစေရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်စေရန်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသား ပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝများ တိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်း၏ လူမှုစီးပွားဘဝတိုးတက်ရေးကို ဦးတည်ချက်ထား ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်ရန် တိုက်တွန်းလိုပါသည်။

မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တစ်နိုင်ငံလုံးတစ်ပြေးညီ အကြားအလပ်မရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့သော်လည်း အကြမ်းဖက်မှုများရှိနေ

သည့် နယ်မြေများတွင် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်၍မရသည့်အတွက် နောက်ကျကျန်ခဲ့ခြင်း အကျိုးဆက်ကို နယ်မြေခံလူထုနှင့် တိုင်းရင်းသားပြည်သူများက ခံစားနေရလျက်ရှိပါသည်။ အသိဉာဏ်ဆင်ခြင်မှုတရားကင်းမဲ့သော အဖျက်သမား၊ သစ္စာဖောက်များ၏ နှောင့်ယှက်ဖျက်ဆီး မိုက်မဲမှုများကြောင့် ဒေသခံပြည်သူများအနေဖြင့် ဆင်းရဲဒုက္ခများစွာ ခံစားနေကြရပါသည်။ သို့ဖြစ်၍ တိုင်းရင်းသား ပြည်သူလူထုအနေဖြင့် ဒေသအကျိုး၊ နယ်မြေအကျိုး၊ ပြည်သူအကျိုးကိုကြည့်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား**

ယနေ့အချိန်အခါကာလသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ဖော်ဆောင်နေသည့် အချိန်အခါဖြစ်ပါသည်။ ယခုကဲ့သို့ ထူးမြတ်သည့် ကရင်ပြည်နယ်နေ့ အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကို မောင်နှမများကလည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မိမိတို့ပြည်နယ်အတွင်း ကဏ္ဍအားလုံး၌ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်း အပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏အားကြိုးမာန်တက် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။ ထို့ကြောင့် ကရင်ပြည်နယ်ကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်းနှင့် ပြည်နယ်သူ ပြည်နယ်သားများ၏ အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံသားအကျိုး သယ်ပိုးထမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

■ ■ ■